ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 27 July 2024 ၁၁၅၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုကျယ်ပြန့်ပြီး လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများပေးနိုင်သည့် အချက်ပေါ်တွင် မှီတည်နေ မိမိတို့ မျှော်မှန်းသည့် ဒစ်ဂျစ်တယ်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များလျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၆

e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ e-Government ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၇

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်လွှဲအပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်မျှအရေးပါသနည်း ဆောင်းပါး စာမျက်နှာ » ၉



ကြေးမုံ

# ပြည်သူကိုကာကွယ်စောင့်ရှောက် နိုင်ငံ့ရည်မှန်းချက်ကိုဖော်ဆောင်

တပ်မတော်သည် လွတ်လပ်ရေးမရမီကာလကတည်းက နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး စသည့်တိုက်ပွဲပေါင်းများစွာတို့ကို ဆင်နွှဲလျက် မိဘပြည်သူတို့နှင့်အတူ လွတ်လပ်ရေးကို အရယူပေးခဲ့သည်။ ထို့အတူ လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင်လည်း ထိုလွတ်လပ်ရေး မဆုံးရှုံးရလေအောင် အသက်ပေါင်းမြောက်မြားစွာတို့ကို စတေး၍ ကာကွယ်ပေးခဲ့သည်။ ယနေ့ထက်တိုင်အောင်ပင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တိုင်းပြည်ကြီး မပြိုကွဲ မပျက်စီးအောင် ကာကွယ်စောင့်ရှောက်ရမည့်အရေးကို တပ်မတော်သည် အဓိကတာဝန်အဖြစ် ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မိဘပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ကြီး မယိမ်းမယိုင်မတ်မတ်ခိုင်မာစေရေးတို့ကို သမိုင်းပေးတာဝန်အဖြစ် ထမ်းဆောင်လျက်ရှိသည်။ အကယ်၍သာ တိုင်းပြည်ကို မစောင့်ရှောက်၊ မကာကွယ်နိုင်ပါလျှင် မိမိတို့၏ ဘိုးဘေးဘီဘင်များက သွေးနှင့်ရေးဆွဲပေးခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားမည်မှာ သေချာပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် နိုင်ငံ၌ မတည်ငြိမ်မှုဖြစ်နေချိန်၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ဒေသမှစ၍ လက်နက်ကိုင်သောင်းကျန်းသူများက တိုက်ပွဲဖော်နေချိန်၊ အတွေ့အကြုံနုနယ်သည့် လူငယ်လူရွယ်များ သောင်းကျန်းသူနယ်မြေသို့ ရောက်ရှိသွားချိန်တို့နှင့်တစ်ပြိုင်တည်းတွင် သောင်းကျန်းသူတို့က ယင်းတို့အတွက် ရရှိလာသော ကြုံတောင့်ကြုံခဲအခွင့်အရေးကို လက်လွတ်မခံဘဲ ရသမျှအမြတ်ထုတ်ကာ ဒေသအချို့ကို အလုံးအရင်းဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ပွဲများသည် နိုင်ငံတော်ကံကြမ္မာကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေနိုင်သည်။ သို့သော် တပ်မတော်သည် နိုင်ငံတော်ကို အသက်သွေးချွေးစတေးပေးဆပ်ကာ ကာကွယ်စောင့်ရှောက်ခဲ့သည်။

မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ တိုင်းပြည်ပြိုကွဲပျက်စီးစေရန်ရည်ရွယ်၍ NUG / CRPH / PDF / MNDAA/ TNLA /AA အပါအဝင် လက်နက်ကိုင်အဖွဲ့များ၊ NCA စာချုပ်ကို သွေဖည်ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့အချို့နှင့် ၎င်းတို့အား နည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းကူညီ၊ အားပေးထောက်ပံ့နေကြသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့တို့သည် နည်းလမ်းအမျိုးမျိုးအဖုံဖုံတို့ဖြင့် တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကျူးလွန်နေကြသူများဖြစ်သည်။

၎င်းအကြမ်းဖက်သောင်းကျန်းသူများသည် ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်/ပုဂ္ဂလိကပိုင် အဆောက်အအုံများကို နည်းလမ်းအမျိုးမျိုးဖြင့် ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ မြို့ကြီးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အရွယ်မရောက်သေးသည့် လူငယ်များကို အတင်းအဓမ္မ လူသစ်စုဆောင်းပြီး တိုက်ခိုက်ခိုင်းစေခြင်း၊ နယ်မြေတစ်ခုအတွင်း အတူတကွနေထိုင်လာခဲ့ကြသော လူမျိုးမတူသူ အခြားတိုင်းရင်းသားလူမျိုးများကို မောင်းထုတ်ခြင်း စသည်တို့ကို ကျူးလွန်ခဲ့ကြသည်။

အဆိုပါအကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်း၊ စားဝတ်နေရေးကျပ်တည်းလာခြင်း၊ လူငယ်များ ပညာသင်ကြားခွင့်များဆုံးရှုံးခြင်း၊ အခြေပြုရာ မူရင်းဒေသများမှ စွန့်ခွာတိမ်းရှောင်ရခြင်းအပြင် အနာဂတ်မျှော်လင့်ချက်များ ဆုံးရှုံးပျောက်ကွယ်ရခြင်း စသည့်အခက်အခဲမျိုးစုံနှင့်ကြုံတွေ့နေရသဖြင့် အဆိုပါဒုက္ခများမှ လွတ်မြောက်ရန်အတွက် တပ်မတော်ကသောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်း ရှင်းလင်းပစ်နိုင်ရန် မျှော်လင့်နေကြသည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်သူ ပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနှင့် လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ကာ မိဘပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ကြီး မယိမ်းမယိုင် မတ်မတ်ခိုင်မာစေရေးတို့ကို ဆက်လက်ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်သလို နိုင်ငံတော်၏ အန္တိမရည်မှန်းချက်၊ ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို အခက်အခဲအနှောင့်အယှက်အမျိုးမျိုးကြားမှ မဖြစ်မနေဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။ ။

## အင္ဂုကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အင္ဂုကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း-၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ရှမ်း၊ “ဝ”၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ “ဝ” ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၈၇ | ၇၆၈,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၄,၂၇၈ | ၁၄,၇၇၈,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃ | ၂၅,၂၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁၂၄ | ၂၁၇,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၅၉ | ၉၈၇,၂၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၉၀၀ | ၁,၅၅၇,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၈၀၀ | ၂၂၀ | ၁,၀၁၂,၄၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၁,၇၁၆ | ၅,၉၂၀,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **e-Government ကို အစိုးရ၏ မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းများတွင်ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် နည်းပညာ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေပြီး ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများနှင့် အချိန်တိုတိုအတွင်း အကျိုးရှိပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေနိုင်မည်**

☆ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အဓိကမဏ္ဍိုင်တစ်ခုဖြစ်**

ဦးစွာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် e-Government သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သည့် Digital Economy ကို ဖော်ဆောင်နိုင်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို လျင်မြန်လွယ်ကူချောမွေ့စေရန် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် မဖြစ်မနေ အကောင်အထည် ဖော်ဆောင်သွားကြရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

e-Government ကို အစိုးရ၏ မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းများတွင် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် နည်းပညာ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေပြီး ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများနှင့် အချိန်တိုတို အတွင်း အကျိုးရှိပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေနိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ICT နည်းပညာများ စနစ်တကျ ဖွံ့ဖြိုးလာစေရေး ရည်ရွယ်ပြီး ၂၀၀၅ ခုနှစ်တွင် ပထမ Myanmar ICT Development Master Plan၊ ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယ Myanmar ICT Development Master Plan တို့ကို ရေးဆွဲခဲ့ကြောင်း၊ ထို့နောက် e-Government လုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် Myanmar e-Governance Master Plan (2016–2020) ကို ဆက်လက်ရေးဆွဲခဲ့ကြောင်း၊ အဆိုပါ ရေးဆွဲခဲ့သည့် Master Plan များတွင် ပါဝင်သည့် e-Government လုပ်ငန်းစဉ်များကို အစိုးရဌာန အဖွဲ့အစည်းများ အသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါတွင် နိုင်ငံတော်ကချမှတ်သည့် မူဝါဒသစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသစ်များ လျင်မြန်စွာပြောင်းလဲမှုတို့နှင့် ကိုက်ညီမှုရှိစေရန်အတွက် ယခင်က ရေးဆွဲခဲ့သည့် e-Governance Master Plan (2016–2020)ကို ပြန်လည်ဆန်းစစ်ဖြည့်စွက်ပြင်ဆင်ပြီး "Myanmar e-Governance Master Plan 2030" ကို မူကြမ်းရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ မူကြမ်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) တွင် e-Government ဦးဆောင်ကော်မတီကို လမ်းညွှန်မှုခံယူရန် ဆက်လက်တင်ပြဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

**ဝန်ဆောင်မှုပေးနေ**

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို Myanmar National Portal၊ Myanmar National Trade Portal စသည့် National Portal များနှင့် အစိုးရဝန်ကြီးဌာနများ အသီးသီး၏ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများ လွယ်ကူချောမွေ့စွာရရှိနိုင်ရန် ဖြန့်ဖြူးပေးခြင်းများကို ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း၊ ထို့ပြင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအရ ICT Infra-structure များသည် အချိန်တိုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး မိုဘိုင်းဖုန်းအသုံးပြုမှုများသည်လည်း တစ်ရှိန်ထိုးတိုးတက်များပြားလာကြောင်း၊ မိုဘိုင်းဆက်သွယ်ရေးအသုံးပြုပြီး အစိုးရ၏ ဝန်ဆောင်မှုများကို ပြည်သူများ နေရာအနှံ့အပြားက ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဆိုက်ဘာလုံခြုံရေး အစီအမံများကို ထိရောက်စွာ အကောင်အထည်ဖော်**

နည်းပညာများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဆိုက်ဘာတိုက်ခိုက်မှု၊ ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာမြင့်တက်လာပြီး အစိုးရအဖွဲ့အစည်းများသည် ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်းသည့် အန္တရာယ်များနှင့် ပိုမို ရင်ဆိုင်လာရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိုက်ဘာလုံခြုံရေး အစီအမံများကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒကို ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံမှုကို ဥပဒေနှင့်အညီ ထိန်းကျောင်းသွားနိုင်ရေးအတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာပါဝင်နိုင်မည့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြန်မာနိုင်ငံ၏ e-Government ခရီးရှည်တွင် ယခုကဲ့သို့ထင်ရှားသည့် မှတ်တိုင်များကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် UN e-Government Development Index (EGDI) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၉ တွင်ရှိနေရာက ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃၄ ဖြစ်လာပြီး ၃၅ ဆင့် တိုးတက်လာခဲ့ကြောင်း၊ အလားတူ အစိုးရနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည့် အုပ်ချုပ်မှုပုံစံကို ပုံဖော်နိုင်ခဲ့ပြီး အစိုးရ၏ စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းရပ်များကို ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် ပြည်သူများ၏လိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များ ပါဝင်နိုင်မှုကိုလည်း ပြသနိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် e-Participation Index (EPI)၌ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၇၀ ရှိရာမှ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၁၇ အထိ ၅၃ ဆင့် တိုးတက်လာခဲ့သည့်ရလဒ်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်**

Digital Economy နှင့် Digital Government ကို ကူးပြောင်းခြင်းသည် အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ကြောင်း၊ မျှော်မှန်းချက်များ ပြည့်မီစေရန် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်များဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးကြောင်း။

အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ခြင်း မရှိဘဲ သီးခြား ရပ်တည်ဆောင်ရွက်နေကြသည့် လုပ်ဆောင်ချက်များကို တားဆီးရန် လိုအပ်ကြောင်း၊ အစိုးရဌာနများ အချင်းချင်းအကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် စနစ်များနှင့် နည်းပညာများကို အသုံးပြုပြီး ICT infra-structure များနှင့် အချက်အလက်များကို မျှဝေအသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အစိုးရဌာနများအားလုံး မျှဝေအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့သည့် e-Government Data Center၊ Myanmar National Portal၊ One Map Myanmar Geo Portal၊ Government Cloud၊ Government e-Mail နှင့် e-ID အစရှိသည့် စီမံကိန်းများသည် အစိုးရ၏ စွမ်းဆောင်နိုင်ရည်နှင့် သတင်းအချက်အလက်လုံခြုံရေးကို မြှင့်တင်ပေးနိုင်သော ထင်ရှားသည့်သာဓကများပင် ဖြစ်ကြောင်း။

**Digital Payment များကို ပိုမိုအသုံးပြုနိုင်မှုများ မြင့်တက်လာ**

အွန်လိုင်းအသုံးပြုပြီး လုပ်ငန်းဆောင်ရွက်မှုများ ကျယ်ပြန့်များပြားလာသည်နှင့်အမျှ အီလက်ထရွန်နစ်နည်းလမ်းနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှု၊ ငွေပေးချေမှု၊ ငွေတောင်းခံမှု၊ ငွေကြေးဆိုင်ရာ အချက်အလက်များပေးပို့မှုစသည့် Digital Payment များကို ပိုမိုအသုံးပြုနိုင်မှုများ မြင့်တက်လာသကဲ့သို့ တရားဝင်မှုနှင့် စစ်ဆေးခံနိုင်မှုများက စိန်ခေါ်မှုများအဖြစ် တွေ့ရှိလာရကြောင်း၊ ထို့ပြင် အရေးကြီးသည့်၊ ထိခိုက်မခံသည့် သတင်းအချက်အလက်များ ပျက်စီးဆုံးရှုံးခြင်းက ကာကွယ်ရန် Backup စနစ်များ၊ Disaster Recovery စနစ်များ တည်ဆောက်ထားရှိရန်လည်း လိုအပ်ကြောင်း။

e-Government စနစ်များကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ် စသည့်အရင်းအမြစ်များ လိုအပ်ကြောင်း၊ ယခုကဲ့သို့ လိုအပ်သည့် အရင်းအမြစ်များကို မျှတအသုံးပြုသွားနိုင်ရန်နှင့် အစိုးရဌာနများက အကောင်အထည်ဖော်နေသည့် စီမံကိန်းများကို အောင်မြင်နိုင်ခြေမြင့်မားရန် ဦးဆောင်ကော်မတီက စနစ်တကျလမ်းညွှန်မှုပြုပြီး ကြီးကြပ်ကွပ်ကဲသွားရမည်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ပိုမိုပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များ မျှဝေမှု၊ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စိတ်အားထက်သန်စွာ ထောက်ခံအားပေးရန်လည်း လိုအပ်ကြောင်း။

**စာမျက်နှာ ၄ သို့** ☆



e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှင်းလင်းတင်ပြစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။

❖ **Digital Economy နှင့် Digital Government ကို ကူးပြောင်းခြင်းသည် အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ကြောင်း၊ မျှော်မှန်းချက်များ ပြည့်မီစေရန် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ပေါ်တိုးတက်မှု အခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ်အသွင်ကို အောင်မြင်စွာကူးပြောင်းနိုင်သည့် နိုင်ငံများသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနေသည်ကို အထင်အရှားတွေ့မြင်ရကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ပိုမိုကျယ်ပြန့်ပြီး ပိုမိုလုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဆိုသည့် အချက်ပေါ်တွင် မှီတည်နေကြောင်း၊ ဒစ်ဂျစ်တယ်အစိုးရဆိုသည်မှာ ဒစ်ဂျစ်တယ်စွမ်းရည်နှင့် ဒစ်ဂျစ်တယ် ရင့်ကျက်ပြည့်စုံမှုများဆီကို ဦးတည်ရမည်ဖြစ်ခြင်းကြောင့် ယခင်ဆယ်စုနှစ်များက ကြိုးပမ်းအကောင်အထည် ဖော်ခဲ့သည့် e-Government ၏ ပုံရိပ်ကို တိုးမြှင့်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့မျှော်မှန်းသည့်ဒစ်ဂျစ်တယ် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ လျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို မျက်ခြည်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် e – Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံတွင် e – Government စတင်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ e – Government စနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အင်တာနက် ဝန်ဆောင်မှုများ တိုးချဲ့နိုင်ရေး၊ ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်သည့် EDMS စနစ်များ ချိတ်ဆက်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ မိုဘိုင်းဖုန်းများ သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှု၊ e–Government စနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် e– Government ဦးဆောင်ကော်မတီကို အမျိုးသားအဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ e – Government စနစ် တိုးတက်ရေးအတွက် Myanmar e–Government Master Plan 2030 ကို ရေးဆွဲဆောင်ရွက်ခဲ့မှု၊ နည်းပညာကျွမ်းကျင်သည့်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိမှု၊ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး ဆောင်ရွက်ခဲ့မှုနှင့်မြန်မာယူနီကုတ်စနစ်ကို ဆောင်ရွက်ခဲ့မှု၊ ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှု၊ e – Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး e – Government ဦးဆောင်ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် e – Government ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်က e –Government ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကော်မတီဝင်များက e – Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ e– Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေး၊ နည်းပညာကျောင်းများမှ လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ဝန်ကြီးဌာနများအလိုက် ဌာနတွင်း e – Government များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် ဝန်ကြီးဌာနများအချင်းချင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် e – Government စနစ်ဖြင့် ချိတ်ဆက်၍ လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် အဆင့်ဆင့်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းအချက်အလက်လုံခြုံမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး e – Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd)က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွအပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား သင်တန်းသားများ စေလွှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပခဲ့မှု အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ ကျောဖုံးမှ
သိလိုသည့် အချက်အလက်များအား ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Is-kander Azizov တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် သိပ္ပံနှင့် နည်းပညာ၊ အကောက်ခွန်ဆိုင်ရာ ကိစ္စများ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ဒို့ဝန်တာ

❖ တိုင်းပြည် လူမျိုး၊ အညွန့် ချိုးသည့်
ဘေးဆိုးဘေးရန်
ကာကွယ်ရန်မှာ ဒို့ဝန်တာ။
❖ အရိပ် နေနေ၊ အခက် ချိုးချိုး
ဆိုးသွမ်း ဘေးရန်
တိုက်ထုတ်ရန်မှာ ဒို့ဝန်တာ။
❖ ဘိုးဘွားမွေနှစ်၊ ဧကန်ဖြစ်သည့်
စစ်မှန် ချုပ်ခြာ၊ မြဲခိုင်မာအောင်
သူ ငါ ကိုယ်စီ၊ အသိ ညီလျက်
တိုင်းပြည်အတွက်၊ **မှန်သည့်ဘက်မှ**
**တက်တက်ကြွကြွ ပါဝင်ကြလေ့။**
**အဖျက် မှန်သမျှ ဆန့်ကျင်ကြလေ့။**
**အပျက် ကြံသမျှ တားဆီးကြလေ့။**
❖ ပြည်သူ့ အိုးအိမ်၊ ပြည့်စည်းစိမ်ကို
မသိမ်မညို၊ တိုးထက်တိုးအောင်
သယ်ပိုး ရန်မှာ၊ ဒို့ဝန်တာဟု
ရင်မှာခံယူ၊ အတွေးတူလျက်
ပြည်သူအားလုံး ညီညွတ်စို့။
မိစ္ဆာရန်များ ဖယ်ရှားလို့။
မြန်မာပြည်ကြီး အေးချမ်းဖို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

## ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ (8th China- South Asia Exposition)နှင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ဆွေးနွေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ (8th China-South Asia Exposition)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည့် South and Southeast Asia Digital Cooperation Initiative Matchmaking Conference and the First Promotion Conference for South and Southeast Asia Digital Cooperation ဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်ကာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သင်းဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးခိုင်ဝင်းတို့ ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကူမင်းမြို့တွင် ကျင်းပခဲ့သော ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေးများ တက်ရောက်ဆွေးနွေးစဉ်။

# နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူများ၏အကျိုးစီးပွားကို အစဉ်အလေးထား စီမံဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏ တာဝန်ထမ်းဆောင်ရာတွင် စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် အခါအား လျော်စွာ လစာနှုန်းထားတိုးမြှင့်ခြင်းနှင့် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ နိုင်ငံ့ဝန်ထမ်းများအား လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀၀၀၀/- ကို လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ် ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ လစဉ်ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/-ကို လစဉ် ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ကြေးများအား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ စတင်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

## စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသဘာပတိ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက ဘင်္ဂလားပင်လယ်အော် ဒေသအတွင်း လုံခြုံရေးဆိုင်ရာ သမားရိုးကျ စိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အတူတကွ ပေါင်းစည်း ဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို နိုင်ငံအလိုက် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အိမ်ရှင်မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ယမန်နေ့က ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးမှ ထွက်ပေါ်လာသည့် တင်ပြချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်က အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာကဏ္ဍခွဲနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်သည့် ကဏ္ဍများအလိုက် တိုးတက်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများက အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သက်ဆိုင်ရာလုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်း လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေနှင့် အကောင်အထည် ဖော်ဆောင်ရွက်ကြရမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် အစည်းအဝေး သဘာပတိ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်က ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဦးစားပေး အကောင်အထည်ဖော်ရမည့် အချက်များနှင့် အနာဂတ်တွင် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပိုမိုထိတွေ့ပူးပေါင်း ဆောင်ရွက်ရမည့် အချက်များကို ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းချက်ဖြစ်သည့် ဘင်းမ်စတက် နိုင်ငံများ၏ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေး (Food Security)နှင့် စွမ်းအင်လုံခြုံမှု (Energy Security) တို့အတွက် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုမှသည် ပြည်သူလူထုအသီးသီး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအထိ အထောက်အပံ့ဖြစ်စေရေး ပူးပေါင်း ဆောင်ရွက်ကြရေး အလေးထား ဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။

အစည်းအဝေး အပြီးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာအကြီးအကဲများ အစည်းအဝေးသဘာပတိ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

## ကမာရွတ်မြို့နယ် တိုင်းကျော်သမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ် တိုင်းကျော် အထွေထွေ စီးပွားရေးလုပ်ငန်း



သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပပဲ့သည်။ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးစိုးသွင်က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က သမဝါယမအသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသားများ အကျိုးဝေစုအဖြစ် ငွေကျပ် ၁၁ သိန်းကိုပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**

## ကြည့်မြင်တိုင်မြို့နယ်၌ အိုးဘိုသမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်း ဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် အိုးဘိုသမဝါယမအသင်း လီမိတက်၏၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင်၂၅ ရက် နံနက်ပိုင်းက ကျောင်းကြီးလမ်းရှိ မဟာပုညာပကာရ ဓမ္မာရုံ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာ



စကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးမင်းမင်းယုက သမဝါယမ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသား ၁၈၄ ဦးတို့အတွက် အစုပေါ်အမြတ်ငွေ ကျပ် ၄၅၀၀၀၀နှင့် ပေါ်ဆန်းမွှေးပြည် ၁၀၀ ကို ပေးအပ်ခဲ့ကြသည်။

**ဘော်ဂါသွေး**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများအား ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker ၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil ၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ၎င်းတို့၏ဇနီးများ၊ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြီးအကဲများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် M Gallery ဟိုတယ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအထိမ်းအမှတ် ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့ ၏ ဇနီးများနှင့်အတူ ညစာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အကအလှများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာအကများ၊ ဘင်းမ်စတက်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကပြကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက သီဆိုကပြဖျော်ဖြေပေးကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**






အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ဇနီးများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့တွင် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ကို လည်းကောင်း၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT ကို လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန် လွှဲအပ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်မျှအရေးပါသနည်း

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ မင်းခန့်ကျော်(ဥပဒေ) ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

❖ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများဆောင်ရွက်ရန် ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန် လစ်ဟင်းနေစဉ် ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့သည်ဆိုသည့် အချက်ကိုတွေ့ရသည်။ ထိုကဲ့သို့ အကြောင်းကြားစာပေးပို့ခဲ့ပြီးသည့်နောက် ၂၂-၇-၂၀၂၄ ရက်နေ့တွင် တာဝန်လွှဲပြောင်းအပ်နှံမှုအား လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည်ဆိုသည့် အချက်ကိုလည်း တွေ့ရ**

❖ **အထက်ပါအချက်နှစ်ချက်ကို ကြည့်မည်ဆိုပါက ယာယီသမ္မတက ၎င်း၏ယာယီသမ္မတတာဝန် ဝတ္တရားများကို အလုံးစုံလွှဲပြောင်းခြင်းမဟုတ်သလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်းမဟုတ်ကြောင်းကို တွေ့ရှိရမည်ဖြစ်**

ယခုလ ၂၃ ရက်နေ့ထုတ် သတင်းစာများတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ကြောင်း သတင်းတစ်ပုဒ်ကို ဖတ်ခဲ့ရသည်။ ဒီသတင်း ထွက်ပေါ်လာပြီးသည့်နောက် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယာယီသမ္မတတာဝန်တွေ လွှဲယူလိုက်ပြီ၊ ဒါဟာ အခြေခံဥပဒေနဲ့ မညီညွတ်ဘူး" **စသည်ဖြင့် သတင်းရဲ့ ဆိုလိုရင်းကိုသိရှိအောင် သေချာစွာမဖတ်သည့်အပြင် ဥပဒေပြဋ္ဌာန်းချက်များ၏ ဆက်စပ်မှုကို ဂဃနဏမသိဘဲ ဥပဒေကိုလိုရာဆွဲပြီး အမျိုးမျိုးဝေဖန်ကြသည်ကို** တွေ့ရသည်။

### အကြောင်းကြားစာပေးပို့လာ

သတင်းစာသားကို သေသေချာချာဖတ်ရှုကြည့်မည်ဆိုပါက ယာယီသမ္မတ၏ကျန်းမာရေးအခြေအနေအရ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ** ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတ တာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့သည်ဆိုသည့် အချက်ကိုတွေ့ရသည်။ ထိုကဲ့သို့အကြောင်းကြားစာ ပေးပို့ခဲ့ပြီးသည့်နောက် ၂၂-၇-၂၀၂၄ ရက်နေ့တွင် တာဝန်လွှဲပြောင်းအပ်နှံမှုအား လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည်ဆိုသည့် အချက်ကိုလည်း တွေ့ရသည်။

အထက်ပါအချက်နှစ်ချက်ကို ကြည့်မည်ဆိုပါက ယာယီသမ္မတက ၎င်း၏ယာယီသမ္မတတာဝန်ဝတ္တရားများကို အလုံးစုံလွှဲပြောင်းခြင်းမဟုတ်သလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်းမဟုတ်ကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။

ယင်းအချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုရာဆွဲမပြောဘဲ ဆက်စပ်ပြဋ္ဌာန်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်ကြည့်ရန် လိုမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်းတွင် "နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ"ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(ခ)တွင် "နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန် ကြေညာနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၂၅ တွင် "အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးသွားချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်" ဟုပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၂၆ မှ ၄၂၉ အထိပြဋ္ဌာန်းချက်များတွင် နိုင်ငံတော်သမ္မတအား ရည်ညွှန်းပြဋ္ဌာန်းခြင်း မရှိတော့ဘဲ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုသာ ရည်ညွှန်းပြဋ္ဌာန်းသည်ကို တွေ့ရသည်။

> **❝ အခြားအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များရှိပါလျက် မည်သည့်အတွက်ကြောင့် ၎င်း၏တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ရပါသနည်းဟု မေးခွန်းထုတ်ဖွယ်ရှိပါသည်။ ပထမအချက်ကိုပြောရမည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် တစ်ဦးဖြစ်ခြင်း၊ ဒုတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသူဖြစ်ခြင်း၊ တတိယအချက်အနေဖြင့် ပုဒ်မ ၄၁၂ အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက ညှိနှိုင်းရမည့် အဖွဲ့ဝင်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အချက်များကြောင့် ယာယီသမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ် ❞**

### အရေးပေါ်ကာလ အခြေအနေ

အထက်ပါပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်မရှိသည့် ယခုကဲ့သို့ အရေးပေါ်ကာလအခြေအနေတွင် ယာယီသမ္မတ၏အခန်းကဏ္ဍမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ကျင်းပချိန်တစ်ခုတည်းတွင်သာ ဦးဆောင်ရန်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို မလွဲမသွေကျင်းပရမည့် အချိန်များရှိသည်။ ထို့ကြောင့် ယာယီသမ္မတအနေဖြင့် ၎င်း၏ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ဦးဆောင်ကျင်းပရန် မဖြစ်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်နိုင်ရေး နိုင်ငံတော်အတွက် အမြော်အမြင်ကြီးစွာဖြင့် ၎င်းဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန် လစ်ဟင်းနေစဉ်ကာလတို့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပနိုင်ရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်သာ ၎င်း၏ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးကို လွှဲအပ်ခြင်းဖြစ်သည်။

အခြားအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များရှိပါလျက် မည်သည့်အတွက်ကြောင့် ၎င်း၏တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ရပါသနည်းဟု မေးခွန်းထုတ်ဖွယ်ရှိပါသည်။ ပထမအချက်ကိုပြောရမည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်ခြင်း၊ ဒုတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသူဖြစ်ခြင်း၊ တတိယအချက်အနေဖြင့် ပုဒ်မ ၄၁၂ အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက ညှိနှိုင်းရမည့်အဖွဲ့ဝင်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အချက်များကြောင့် **ယာယီသမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းဖြစ်**သည်။ ယာယီသမ္မတအဖြစ် လွှဲပြောင်းခန့်အပ်ခြင်းမဟုတ်သည်ကို သတိပြုမိရန်လိုသည်။

အချုပ်အားဖြင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာထားမှုအခြေအနေမှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်၍ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာနိုင်ရန်အတွက် **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတက ၎င်း၏တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခြင်းသည် မည်မျှအရေးကြီးကြောင်းကို** ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအား ပုဂ္ဂလဓိဋ္ဌာန်မပါဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်သုံးသပ်ကြမည်ဆိုလျှင် ပကတိအမှန်တရားကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

# ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများနှင့် တာဝန်ရှိသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဖူးမြော်ကြည်ညိုကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီးတို့သည် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများ၊ အဖွဲ့ဝင်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့် အတူ ယနေ့တွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့က ဘုရားကြီးတည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်၊ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင် ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု ထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဓာတ်ပုံတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့အတူ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ စေတီတော်လိုဏ်အတွင်းရှိ မြန်မာလက်မှုအနုပညာများဖြင့် ထွင်းထုပူဇော်ထားသည့် ဗုဒ္ဓဖြစ်စဉ်တော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ပန်းပေါင်းစုံဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတီတော်ကြီး ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အစားအစာများကျွေးမွေးကြသည်။

ယင်းနောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ သွားရောက် လေ့လာကြည့်ရှုကြပြီး အမျိုးသားပြတိုက်သို့ ဆက်လက် သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံက ပြတိုက်နောက်ခံသမိုင်းအကျဉ်း၊ ပြတိုက်ဆိုင်ရာ အချက်အလက်များ၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြကွင်းပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

**သတင်းစဉ်**



ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများနှင့် တာဝန်ရှိသူများ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြကွင်းပြကွက်များကို လိုက်လံကြည့်ရှုကြစဉ်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ပြုလုပ်

**မရမ်းကုန်း ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးကြွေမြေဖန်ထည် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမောင်မောင်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးနိုင်က ဧည့်သည်တော်အဖြစ် တက်ရောက်၍ သမဝါယမ လုပ်ငန်းစဉ်များ သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်း အခြေအနေများကို အသင်းသားများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း၍ သဘောတူညီချက် ရယူကာ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် အကျိုးခံစားခွင့်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့၌ သစ်တောထိန်းသိမ်းရေး အသိပညာပေးဟောပြော

**သာစည် ဇူလိုင် ၂၆**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနက ကျောင်းသား ကျောင်းသူများ သစ်တောထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးလှထွန်းက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမိုးထက်အောင်တို့က သစ်တော ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းဥယျာဉ်ခြံအတွင်း၌ ခရိုင်ဦးစီးမှူးနှင့်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန် သစ်ပင်စိုက်ပျိုးခြင်းကို လက်တွေ့စိုက်ပျိုးပြသရာ ကျောင်းအုပ်ကြီးဒေါ်ရီရီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက စုပေါင်းပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ပျဉ်းမနား-သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံ)တွင် လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ပျဉ်းမနား-သပြေ တောင် ထပ်ဆင့်လွှင့်စက်ရုံ)၌ လုပ်ငန်းများဆောင်ရွက်မှု အခြေ အနေကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ထပ်ဆင့်လွှင့်စက်ရုံဧည့်ရိပ်သာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပျဉ်းမနား-သပြေတောင် ထပ်ဆင့် လွှင့်စက်ရုံဆိုင်ရာ အချက်အလက် များ၊ ပျဉ်းမနား-သပြေတောင် ထပ်ဆင့်လွှင့်စက်ရုံ၏ ထပ်ဆင့်လွှင့် လုပ်ငန်းတာဝန်နှင့် နေပြည်တော် တွင် ကျင်းပသည့် အခမ်းအနား များနှင့် အစည်းအဝေးများအတွက် PA (Public Address)များ ဆောင်ရွက်နေမှု၊ ပုဂ္ဂလိက ရုပ်သံလွှင့်စက်များနှင့် အခြားဌာန များမှ Tower ပေါ်တွင် Antenna များ တပ်ဆင်ဆောင်ရွက်မှု၊ ပြင်ပ ရိုက်ကူးရေးဌာနစိတ်၏ ရိုက်ကူးမှု များနှင့် ဝန်ကြီးဌာနများမှ ရိုက်ကူး ပေးပို့မှုများအား ဆက်လက်ပေးပို့ ရေးဆောင်ရွက်မှု၊ ပြင်ပရိုက်ကူး ရေးဌာနစိတ်၏ နေပြည်တော်တွင် ရိုက်ကူးရေးတာဝန် ထွက်ခွာ ဆောင်ရွက်မှု၊ ဝန်ထမ်းများ သွား/လာ ပို့ဆောင်ရေးနှင့် အုပ်ချုပ်မှု ကိစ္စရပ်များ ဆောင်ရွက်ပေးမှု၊ ဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေး ဆောင်ရွက်ပေးနေမှု၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပျဉ်းမနား-သပြေ တောင် ထပ်ဆင့်လွှင့်စက်ရုံတွင် လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်း အိမ်ရာ တစ်လုံး ဆောက်လုပ်မည့် အစီအစဉ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရုပ်သံ ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး၊ လျှပ်စစ်မီး ဦးစားပေးရရှိရေးတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြည်သူလူထုထံ မှန်ကန်သည့် သတင်း အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင် ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ရေး မှာကြား သည်။

ထို့နောက် ပျဉ်းမနား-သပြေ တောင် ထပ်ဆင့်လွှင့်စက်ရုံတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံး ငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်မည့် လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်မည့် မြေနေရာနှင့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပျဉ်းမနား-သပြေတောင်ထပ်ဆင့်လွှင့်စက်ရုံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပျဉ်းမနား-သပြေ တောင် ထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်များဖြင့် ထုတ်လွှင့်မှုအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် ထည့်သွင်း ရန်အတွက် ဝန်ကြီးဌာနများမှ ရိုက်ကူးပြီး သတင်းအရုပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)သို့ ပေးပို့သည့် Up Link လုပ်ငန်းစဉ် ဆောင်ရွက်မှုနှင့် FM-Radio၊ DVB-T2 ထုတ်လွှင့်မှု စက်ခန်းများကို ကြည့်ရှုစစ်ဆေး ပြီး စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနား-သပြေ တောင် ထပ်ဆင့်လွှင့်စက်ရုံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအိမ်ရာနှင့် အဆောင် များ၊ စားရိပ်သာတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ ၏ လိုအပ်ချက်များကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် ထပ်ဆင့်လွှင့်စက်ရုံတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှ ဝန်ထမ်း လေးဦး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အမျိုးသမီး ကင်မရာသတင်းထောက် လေးဦး နှင့် China Radio International သို့ သွားရောက်တာဝန်ထမ်းဆောင် မည့် ဝန်ထမ်း နှစ်ဦးတို့ကို ကင်မရာ ကိုင်တွယ်အသုံးပြု ထိန်းသိမ်းမှုနှင့် ရိုက်ကူးရေးအခြေခံ ရက်တို သင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

**ထုတ်လွှင့်ပေးလျက်ရှိ**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ပြန်ကြားပေးရန်၊ ပညာပေး ရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက် များနှင့်အညီ ထုတ်လွှင့်ရေး ဆောင်ရွက်မှုများကို ပျဉ်းမနား ထပ်ဆင့်လွှင့်စက်ရုံမှ Digital စနစ် ဖြင့် MRTV-HD အပါအဝင် Free to Air ရုပ်သံ ၁၈ လိုင်းကို မိုင် ၂၀ ပတ်လည်အတွင်း အရုပ်အသံ အရည်အသွေး ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန် အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိ သည့်အပြင် မြန်မာ့အသံ၊ MRI နှင့် ပုဂ္ဂလိက FM ရေဒီယို အစီအစဉ် များကိုလည်း ကြည်လင်ပြတ်သား စွာ နားဆင်နိုင်ရေး ထပ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ထို့ပြင် နေပြည်တော်အတွင်း သတင်းနှင့်အစီအစဉ်များ ရိုက်ကူး ရေးနှင့် PA System ဆောင်ရွက် ကြသည့် ဝန်ထမ်းများသည် အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံဝင်း အတွင်းအခြေပြု၍ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ အစည်းအဝေးများ နှင့် ဝန်ကြီးဌာနဆိုင်ရာ ရိုက်ကူးရေး များ၊ ရုပ်သံအစီအစဉ် ရိုက်ကူးရေး များနှင့် အသံစနစ်ဆိုင်ရာ လုပ်ငန်း စဉ်များကိုလည်း ဆောင်ရွက် လျက်ရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီး ဌာနတို့ ပူးပေါင်း၍ အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပ သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း၊ အမြဲတမ်း အတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့(Corruption Prevention Unit -CPU) အဖွဲ့ဝင်များနှင့် အရာ ထမ်း၊ အမှုထမ်းများ တက်ရောက် ကြသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပစဉ်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့် က အဂတိလိုက်စားမှုသည် နိုင်ငံ အသီးသီး၊ နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင် ကြောင်း၊ ဝန်ထမ်းများ၊ ဌာနများ တွင် အဂတိလိုက်စားမှုဖြစ်ပေါ်ခဲ့ လျှင် ပြည်သူလူထု၏ ယုံကြည်မှု လျော့ကျစေသည့်အပြင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှု ယဉ်ကျေးမှုကိုပါ ယိုယွင်းပျက်စီး စေနိုင်ကြောင်း၊ အဂတိလိုက်စားမှု ကျူးလွန်ပါက အဂတိလိုက်စားမှု ဥပဒေဖြင့် အရေးယူခံရမည့်အပြင် လူမှု ပတ်ဝန်းကျင်တွင်လည်း ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေ သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ အဂတိတရား ကင်းရှင်းအောင် လိုက်နာနေထိုင်ခြင်းဖြင့် သန့်ရှင်း သောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလို ကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက နိုင်ငံ့ဝန်ထမ်း တိုင်း အဂတိလိုက်စားမှု၏ဆိုးကျိုး များ၊ ဘေးအန္တရာယ်များကို သိရှိ ရှောင်ကြဉ်နိုင်စေရန်နှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း စဉ်များတွင် ပါဝင်ခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖော်ဆောင် ရန်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း များအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ များကို သိရှိရန်လိုအပ်ပြီး တာဝန် ထမ်းဆောင်ရာ၌ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဖြောင့်မတ်မှန်ကန် စွာ ထမ်းဆောင်ခြင်းဖြင့် အဂတိ တရားကို ရှောင်ကြဉ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် က အဂတိလိုက်စားမှု၏ သဘော သဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ညွှန်ကြားရေးမှူး က အဂတိလိုက်စားမှုတိုက်ဖျက် ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍ များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးကြပြီး တက်ရောက်လာ သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းသည် ပြန်ကြားရေးဝန်ကြီးဌာန အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့(CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက် ရာတွင် ကြုံတွေ့ရသည့် အတွေ့ အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြ ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ခဲ့ကြသည်။ **သတင်းစဉ်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



ဒီနေ့မှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေတွေနဲ့ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ပြောပါမယ်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟာ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့အနီးတစ်ဝိုက်ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ အလားတူပဲ TNLA အကြမ်းဖက်အဖွဲ့ဟာ နောင်ချို၊ ကျောက်မဲ၊ မိုးကုတ်မြို့တွေကို တိုက်ခိုက်ခဲ့တာတွေ ရှိပါတယ်။ ဒီလိုတိုက်ခိုက်ခဲ့ရာမှာ စစ်ဘက်ဆိုင်ရာ နေရာတွေထက် သာမန်ပြည်သူတွေနေတဲ့နေရာတွေကို ရှော့တိုက်ဒုံး၊ ဒရုန်းတွေနဲ့ ဗုံးကြဲတိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဘာသာရေးအဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ ပြည်သူပိုင်ဆေးရုံဆေးခန်း၊ စာသင်ကျောင်းတွေ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ လားရှိုးမြို့တစ်ခုတည်းမှာပဲ ကျွန်တော်တို့ စာရင်းကောက်လို့ရသမျှ ကလေးငယ် ငါးဦးအပါအဝင် ပြည်သူ ၃၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၅၅ ဦးရှိခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေဟာ မိမိတို့အနှစ်နှစ်အလလ၊ သားစဉ်မြေးဆက် ရှာဖွေစုဆောင်းတည်ဆောက်ခဲ့ရတဲ့ အိမ်တွေ၊ ဆိုင်တွေ၊ လုပ်ငန်းတွေ၊ ပိုင်ဆိုင်မှုတွေကို စွန့်ခွာထွက်ပြေးရပြီး တိုက်ပွဲရှောင်ခဲ့ရပါတယ်။ ယခု လက်ရှိအခြေအနေမှာ MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ သူတို့နဲ့ပူးပေါင်းနေတဲ့ PDF အကြမ်းဖက်တွေရဲ့ မြို့ရွာတွေကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အဲဒီဒေသတွေကနေ နေရပ်စွန့်ခွာ ထွက်ပြေးပြီး ပြင်ဦးလွင်မြို့၊ တောင်ကြီးမြို့နဲ့ မန္တလေးမြို့အပါအဝင် အခြားမြို့ရွာတွေကို ရောက်ရှိခိုလှုံနေရသူ တိုင်းရင်းသားပြည်သူဦးရေ အမြောက်အမြားရှိနေပါတယ်။ သူတို့ကို နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ Volunteer လူမှုကူညီရေးအသင်းတွေ၊ ပုဂ္ဂလိကစေတနာရှင် ပြည်သူတွေက ကူညီထောက်ပံ့ပေးနေတာကိုလည်း တွေ့ရပါတယ်။ သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာရတဲ့ ပြည်သူတွေကို သွားလာရာ လမ်းတစ်လျှောက်မှာ တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပေးခဲ့တဲ့ စေတနာရှင်တိုင်းရင်းသားပြည်သူတွေရဲ့ ကူညီလိုစိတ်၊ ဝိုင်းဝန်းလိုစိတ်နဲ့ မြန်မာဆိုတဲ့စိတ်ထားကို အထူးဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ဒီလိုပြည်ထောင်စုစိတ်၊ မြန်မာစိတ်ရှိတဲ့ ပြည်သူလူထုက လူသားချင်းစာနာစိတ်နဲ့ ဆောင်ရွက်နေချိန်မှာ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်ဆီးနေတဲ့ ခေါင်းပြဆန်ဆန်အဖွဲ့အစည်းဖြစ်တဲ့ သောင်းကျန်းသူအဖွဲ့တွေကို အားပေး၊ အားမြှောက်လုပ်နေတဲ့ ပြည်ပကို ထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပအားကိုး ပုဆိန်ရိုးလုပ်နေတဲ့သူတွေ၊ အဖွဲ့အစည်းတွေ၊ မီဒီယာတွေကိုလည်း စိတ်ပျက်ဖွယ်တွေ့ရပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့ သေကျေပျက်စီးမှု၊ အိုးအိမ်နေရာဖျက်ဆီးဆုံးရှုံးခံရမှု၊ ပြည်သူပိုင်လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကိုးကွယ်ရာနေရာတွေဖြစ်တဲ့ ဘုရား၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံတွေ ပျက်စီးရမှုတွေကို ဝမ်းသာအားရဖြစ်နေတဲ့သူတွေဟာ သူတို့ရဲ့စိတ်ထဲမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ပြည်သူလူထုအပေါ်မှာ ဘယ်လောက်ထိ ကောက်ကျစ်စဉ်းလဲတဲ့စိတ်၊ ဖျက်လိုဖျက်ဆီးစိတ်ရှိတယ်ဆိုတာကို အထင်းသားပေါ်လွင်အောင်ပြသနေတာ ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပြီး ထိထိရောက်ရောက် ပြတ်သားစွာဆန့်ကျင်ကြရပါမယ်။

မနေ့က MNDAA အကြမ်းဖက်အဖွဲ့က လားရှိုးမြို့ကို သိမ်းပိုက်နိုင်ပြီဆိုပြီး ကြေညာခဲ့တာ တွေ့ရပါတယ်။ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဒီသတင်းဟာ မဟုတ်မှန်ကြောင်းနဲ့ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်အဖွဲ့ရဲ့ကြေညာချက်ထွက်ပြီး အချိန်အနည်းငယ်အတွင်းမှာပဲ BPLA ဆိုတဲ့ ဗမာသစ္စာဖောက် လောက်ကောင်အဖွဲ့ကလည်း သံယောင်လိုက်ပေးတာတွေ၊ ခေါင်းဆောင်လုပ်တဲ့သူကလည်း မီဒီယာတွေကို ပြောကြားပေးတာတွေ၊ ထုံးစံအတိုင်းပဲ ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပအားကိုးပုဆိန်ရိုးတွေက အုတ်အော်သောင်းတင်း ဝါဒဖြန့်တာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ပိုပြီးထူးခြားတာက တရုတ်ဘာသာစကားနဲ့ TikTok၊ Wechat စာမျက်နှာတွေမှာ ဝါဒဖြန့်မှုတွေကို အရေအတွက်များစွာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီအဖျက်သမားတွေ ဘာကိုရည်ရွယ်တာလဲ၊ ဒီမဟုတ်မမှန်သတင်းကို အရှိန်အဟုန်နဲ့ ဘာလို့ဖြန့်သလဲဆိုတာ ကျွန်တော်တို့ပြည်သူလူထု၊ လုံခြုံရေးအဖွဲ့အစည်းတွေ အားလုံး သိဖို့လိုအပ်ပါတယ်။

MNDAA၊ TNLA နဲ့ PDF အကြမ်းဖက်အဖွဲ့တွေဟာ ဒီဇူလိုင်လအတွင်းမှာ လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါဒေသတစ်ဝိုက်တိုက်ပွဲတွေမှာ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံး၊ ထွက်ပြေးသူတွေ တော်တော်များခဲ့ပါတယ်။ ဒါကြောင့် စစ်ဘေးရှောင်ပြည်သူတွေ၊ သူတို့ မတရားသိမ်းပိုက်ခဲ့တဲ့ရွာတွေက ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေအပါအဝင် တိုင်းရင်းသား ပြည်သူလူထုကို မတရားဖမ်းဆီးပြီး တိုက်ပွဲဝင်ခိုင်းခဲ့ပါတယ်။ သေကျေပျက်စီးမှု ထပ်မံရှိခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့အခြေအနေမှန်ကို ဖုံးကွယ်ဖို့၊ သူတို့ရဲ့စိတ်ဓာတ်ရေးရာထိခိုက်နေမှုကို ဖုံးကွယ်ဖို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်မံအသိပေးလိုတာကတော့ ဒီ MNDAA၊ TNLA နဲ့ အခြားအကြမ်းဖက်ခေါင်းပြအဖွဲ့မှာ မတရားစုဆောင်းခံထားရတဲ့ပြည်သူလူထုအနေနဲ့ ဘေးကင်းရာကို ထွက်ပြေးလာရောက်နိုင်ပါတယ်။ ကျွန်တော်တို့တပ်မတော်နဲ့လုံခြုံရေး အဖွဲ့အစည်းတွေက သူတို့ရဲ့ အသက်အန္တရာယ်နဲ့ လုံခြုံရေးကို ခိုင်ခိုင်မာမာ အာမခံပါတယ်။

လားရှိုးနဲ့ဆက်စပ်ဒေသတွေကို အကြမ်းဖက်တွေ တိုက်ခိုက်တဲ့အခါ ဒေသခံပြည်သူလူထု အပါအဝင် မြန်မာတစ်နိုင်ငံလုံးကပြည်သူတွေ၊ တရုတ်နိုင်ငံသားတွေကအစ ၎င်းတို့ရဲ့ ခေါင်းပြဆန်ဆန်လုပ်ရပ်ကို ဝိုင်းဝန်းကန့်ကွက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့အောင် ပြည်သူတွေနေတဲ့ရပ်ကွက်တွေ၊ အိမ်တွေပေါ် တည့်တည့် ရှော့တိုက်ဒုံး၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်ပြီး ပြည်သူတွေ ထွက်ပြေးအောင် ခြောက်လှန့်လုပ်ဆောင်ခဲ့ပါတယ်။ အရပ်သားဟန်ဆောင်ပြီး ပြည်သူတွေရဲ့ နေရာတွေကို ဝင်ရောက်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ ဝိုင်းဝန်းဆန့်ကျင်မှု၊ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့စည်းရုံးမှု၊ ထင်မြင်ချက်တွေကို ဖြိုခွဲဖို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် သူတို့နောက်ကွယ်ကထောက်ပံ့နေတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေဆီကနေ သူတို့ အသက်ဆက်နိုင်ဖို့ လိုအပ်ချက်တွေ ပိုမိုရရှိနိုင်ဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနေ့မှာလည်း လားရှိုးမြို့အချို့နေရာတွေမှာ အရပ်ဝတ်တွေနဲ့ ဝင်ရောက်နေရာယူ၊ ပြီးမှယူနီဖောင်းလဲပြီး လမ်းလျှောက်ပြတာတွေ၊ အလံလွှင့်ပြတာတွေ၊ လားရှိုးမြို့ပေါ်အချို့နေရာတွေမှာ မော်တော်ယာဉ်နဲ့ လျှောက်သွားပြီး ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်ပြီး ဝါဒဖြန့်တာတွေ ဆောင်ရွက်နေတာတွေကိုတွေ့ရမှာဖြစ်တယ်။

ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထု၊ ဒီဒေသမှာ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်နဲ့ နိုင်ငံတော်အတွက် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးက သိရှိဖို့လိုအပ်ပါတယ်။

MNDAA၊ TNLA အကြမ်းဖက်ခေါင်းပြအဖွဲ့တွေဟာ အကြောင်းအမျိုးမျိုးပြပြီး ဒေသခံတိုင်းရင်းသားပြည်သူလူထုရဲ့ ပိုင်ဆိုင်မှုတွေ၊ အသက်အိုးအိမ်စည်းစိမ်တွေကို တိုက်ခိုက်နေတာ ဖြစ်ပါတယ်။ သူတို့မတရားကျူးကျော်ထားတဲ့ နယ်မြေတွေမှာ လူမျိုးရေး ခွဲခြားဆက်ဆံတာတွေ၊ မတရားသိမ်းပိုက်တာတွေ၊ အတင်းအဓမ္မ စစ်သားစုဆောင်း အသေခံခိုင်းတာတွေ လုပ်ဆောင်နေပါတယ်။ သူတို့အချင်းချင်းတောင် နယ်မြေလုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့ မတရားကျူးကျော်ထားတဲ့ ဘယ်နယ်မြေတွေမှာ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တိုးတက်နေသလဲ၊ လုံခြုံနေသလဲဆိုတာကို မေးခွန်းထုတ်ချင်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအပေါ် လက်နက်အားကိုးနဲ့ အနိုင်ယူနေတဲ့ ခေါင်းပြအဖွဲ့အစည်းတွေသာဖြစ်ပါတယ်။

ကျွန်တော်တို့တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ တပ်မတော်ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲပြီး အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ရယူခဲ့ရပါတယ်။ လွတ်လပ်ပြီး မြန်မာနိုင်ငံမှာ သောင်းကျန်းသူအဖွဲ့မျိုးစုံ သူပုန်ထမှုကြောင့် ရန်ကုန်အစိုးရလို့ အခေါ်ခံရတဲ့ကာလမျိုးမှာ တာဝန်သိတိုင်းရင်းသား ပြည်သူလူထုနဲ့ပူးပေါင်းပြီး နိုင်ငံ့လွတ်လပ်ရေးနဲ့ မြန်မာပြည်သူလူထုရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့ရပါတယ်။ တပ်မတော်မှာ စစ်တိုင်းဒေသကြီး ၁၄ ခု ရှိတဲ့အနက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဟာ အစဉ်အလာကြီးမားတဲ့ စစ်တိုင်းကြီးဖြစ်ပါတယ်။ ပြည်ပ ကူမင်တန် ကျူးကျော်စစ်ကို ရိုက်ချိုးခဲ့ပါတယ်။ ဗကပတွေရဲ့ ကျူးကျော်စစ်တွေကို အကြိမ်ကြိမ် ရိုက်ချိုးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူလူထုကို ခေါင်းပြသာသာ စစ်ဘုရင်၊ ဘိန်းဘုရင်တွေရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်အောင် စွမ်းဆောင်ပေးခဲ့တဲ့ စစ်တိုင်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒီနေ့ဒီအချိန်အခါမှာ အခြေအနေ၊ အချိန်အခါတွေအရ ခေါင်းပြသာသာစစ်ဘုရင်ဝါဒဟာ ဖုံးကွယ်မှုအမျိုးမျိုး၊ ဝါဒဖြန့်မှုအမျိုးမျိုး၊ လူမျိုးရေးမှိုင်းအမျိုးမျိုးနဲ့ ခေါင်းထောင်ထလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနိုင်ငံ၊ ဒီပြည်သူလူထုအပေါ်မှာ အဖျက်စိတ်ဓာတ်ရှိတဲ့၊ သစ္စာမဲ့တဲ့ လောက်ကောင်တွေနဲ့ အဖွဲ့အစည်းတွေရဲ့ ယုတ်မာသောပူးပေါင်းကြံစည်မှု၊ ခေါင်းပြသာသာ စစ်ဘုရင်ဝါဒကိုပံ့ပိုးနေမှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ အဆုံးသတ်ခါနီး၊ ငြိမ်းခါနီးမီးလိုဖြစ်နေပါပြီ။ ငြိမ်းခါနီးမီးထတောက်အောင် မဟုတ်မမှန်ဝါဒဖြန့် ဆောင်ရွက်နေတာ၊ ပြည်သူလူထုအပေါ်မှာ ဖိနှိပ်ပြီး စစ်သားစုဆောင်းတိုက်ပွဲဝင်ခိုင်းနေတာတွေ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ သတိရှိဖို့ လိုအပ်ပါတယ်။ အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မြို့ရွာတွေထဲကို အရပ်သားအယောင်ဆောင်ပြီး စိမ့်ဝင်လာတဲ့ အကြမ်းဖက်တွေ၊ လောက်ကောင်တွေကို တိုင်းရင်းသားပြည်သူလူထု၊ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ လက်တွဲညီညီ သုတ်သင်ရှင်းလင်းရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း စွန့်စွန့်စားစား တိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပြည်သူလူထုတွေကို နိုင်ငံတော်နဲ့ ပြည်သူလူထုက အလေးထား၊ တန်ဖိုးထားဂုဏ်ယူလျက်ရှိကြောင်း ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူလူထုကိုကာကွယ်သော ကာကွယ်စစ်သည် မုချအောင်မြင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိနေသရွေ့ တပ်မတော်ရှိပါမယ်။ တပ်မတော်ရှိနေသရွေ့ မြန်မာနိုင်ငံ တည်တံ့ခိုင်မြဲရပါမယ်။ ပြည်သူလူထုရဲ့ပိုင်ဆိုင်မှု၊ အသက်အိုးအိမ်စည်းစိမ်နဲ့ လူမှုစီးပွားဘဝလုံခြုံစေရပါမယ်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကလည်း ဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ရင်း **“အမိမြေသာယာစေဖို့ ငါတို့မြေကို ငါတို့ကာကွယ်ကြပါစို့ ”** ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

> ❖ **နိုင်ငံတစ်ဝန်း စွန့်စွန့်စားစားတိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပြည်သူလူထုတွေကို နိုင်ငံတော်နဲ့ ပြည်သူလူထုက အလေးထား၊ တန်ဖိုးထားဂုဏ်ယူလျက်ရှိ**

# အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်တို့တွေ့ဆုံ

ဝါရှင်တန် ဇူလိုင် ၂၆

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်တို့သည် ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ဓားစာခံများ လွတ်မြောက်ရေးနှင့်ပတ်သက်ပြီး ယမန်နေ့တွင် ဝါရှင်တန်မြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အစ္စရေးတပ်ဖွဲ့များနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဟားမတ်စ် အဖွဲ့နှင့် အခြားစစ်သွေးကြွအုပ်စုများ၏ တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် အစ္စရေးနိုင်ငံအား အမေရိကန်နိုင်ငံအနေဖြင့် ကူညီပံ့ပိုးပေးမည်ဟု အမြဲအာမခံထားကြောင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဟဲရစ်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အရပ်သားများ သေဆုံးမှုအပါအဝင် လူသားများ ခံစားနေရသည့် ဆင်းရဲဒုက္ခများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း ဟဲရစ်က ပြောကြားသည်။

သမ္မတ ဂျိုးဘိုင်ဒင် ကြိုးပမ်းနေသည့် အစ္စရေး-ပါလက်စတိုင်း နယ်မြေခွဲဝေရေးဆိုင်ရာ ဖြေရှင်းချက်ကို ထောက်ခံကြောင်းလည်း ဟဲရစ်က ဆိုသည်။

လာမည့်သမ္မတ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ဂျိုးဘိုင်ဒင်က ကြေညာပြီးနောက် ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အဆိုတင်သွင်းခံရရန် သေချာလုနီးပါးဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံအပေါ် အမေရိကန်၏ ရပ်တည်ချက်သည် ပြောင်းလဲသွားမည်လားဆိုသည်နှင့် ပတ်သက်ပြီး ဟဲရစ်၏ အမြင်သဘောထားအပေါ် နိုင်ငံရေးလေ့လာသူများက အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**





# အပူချိန်မြင့်တက်မှုကို ကာကွယ်နိုင်ရေး ကာဗွန်ထုတ်လွှတ်မှုများကို သိသိသာသာ လျှော့ချပစ်ရန် လိုအပ်ဟု အန်တိုနီယို ဂူတာရက်စ် ပြောကြား

ကုလသမဂ္ဂ ဇူလိုင် ၂၆

ယနေ့ကမ္ဘာပေါ်တွင် အပူချိန်မြင့်တက်မှုသည် ကမ္ဘာ့ပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်စေသည့်အတွက် ကာဗွန်ထုတ်လွှတ်မှုများကို သိသိသာသာ လျှော့ချပစ်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယမန်နေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဇွန်လအတွင်း ကမ္ဘာတစ်ဝန်း၌ ပျမ်းမျှအပူချိန်သည် ၁၃ လဆက်တိုက် စံချိန်တင်မြင့်တက်ခဲ့ကြောင်း နယူးယောက်မြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဂူတာရက်စ်က ပြောကြားသည်။

အပူချိန်လွန်ကဲမှုကြောင့် တစ်နှစ်လျှင် လူသန်းဝက်ခန့် သေဆုံးနိုင်သည်ဟု ခန့်မှန်းထားကြောင်းလည်း ၎င်းက ဆိုသည်။ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအကြား နေရာဒေသကွဲပြားမှုများ ရှိနေသော်လည်း အပူချိန်မြင့်တက်လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို ညီတူညီမျှခံစားနေကြရကြောင်း ဂူတာရက်စ်က ဆက်လက်ပြောသည်။

အပူချိန်လွန်ကဲမှုကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်ပျက်စီးစေကြောင်း၊ မတူညီမှုများ ပိုမိုတိုးပွားလာစေကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို ပျက်ပြားစေပြီး ပြည်သူများ သေဆုံးရကြောင်း ဂူတာရက်စ်က ပြောကြားသည်။

အပူချိန်မြင့်တက်မှုကို ကာကွယ်ရန် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချရန်လိုအပ်ကြောင်း ဂူတာရက်စ်က ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံမှ အသက် ၁၁နှစ်အရွယ်ရှိ ဇောင်ယီချန် ရုရှားနိုင်ငံရှိ အယ်လ်ဗရတ် တောင်ပေါ်သို့ အောင်မြင်စွာတက်ရောက်

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံမှ အသက် ၁၁ နှစ်အရွယ်ရှိ ဇောင်ယီချန်သည် ရုရှားနိုင်ငံရှိ အယ်လ်ဗရတ် တောင်ပေါ်သို့ ဇူလိုင် ၁၆ ရက် နံနက် ၃နာရီက အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြောင်း ယနေ့ချိုင်းနားဒေးလီး သတင်းစာ သတင်းတစ်ရပ်အရ သိရသည်။

မှတ်တမ်းတင်ရေးသား

တောင်ပေါ်သို့ ရောက်ရှိသည့် အချိန်တွင် အမှောင်ထုဖုံးအုပ်နေပြီး မိုးကုပ်စက်ဝိုင်းမှ အလင်းရောင်တန်းတစ်ခုကို တွေ့ရှိခဲ့ကြောင်းနှင့် တက်ရောက်ရသည်မှာ ခက်ခဲကြောင်း ၎င်း၏ နေ့စဉ်မှတ်တမ်းဒိုင်ယာရီတွင် ယီချောင်က မှတ်တမ်းတင်ရေးသားခဲ့သည်။ ၎င်း၏ တောင်တက်ခရီးစဉ်တွင် ဖခင်နှင့် တောင်တက်လမ်းပြ



သမား သုံးဦးနှင့်အတူ အချိန်ငါးနာရီအတွင်း တောင်ထိပ်သို့ရောက်ရှိခဲ့ပြီး ယီချောင်၏ဆောင်ရွက်ချက်မှာ အရွယ်ရောက်ပြီးသူများပင် လုပ်ဆောင်ရန်ခက်ခဲကြောင်း သိရသည်။

မိမိအနေဖြင့် ယခုတောင်တက်ခရီးစဉ်အား အောင်မြင်မည်မဟုတ်ဟု ယူဆခဲ့သော်လည်း နောက်ဆုံးတွင် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိခဲ့ကြောင်း၎င်းက ပြောကြားသည်။

ကျန်းဖုပြည်နယ် ရှင်ကျန်းမှ မူလတန်းကျောင်းသား တစ်ဦးဖြစ်သည့် ယီချောင်သည် မေလအတွင်းက ဇဝရက်တောင်သို့ ၎င်း၏ ဖခင်နှင့်အတူ တက်ရောက်ခဲ့သည်။ တောင်တက်ခြင်းသည် သဘာဝကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်လာစေပြီး ၎င်း၏ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း ဖခင်ဖြစ်သူက ပြောကြားသည်။

**ကိုးကား- ချိုင်းနားဒေးလီး**

**ဘာသာပြန်- စိုးသူရ**

# ဖီဂျီနိုင်ငံရှိ စာသင်ကျောင်းများ၌ မူးယစ်ဆေးစမ်းသပ်ကိရိယာများ စတင်အသုံးပြုမည်

ဆူဗား ဇူလိုင် ၂၆

ဖီဂျီနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် စာသင်ကျောင်းများ၌ မူးယစ်ဆေးစမ်းသပ်ကိရိယာများ စတင်အသုံးပြုရန် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ယင်းသို့ မူးယစ်ဆေးစမ်းသပ်ကိရိယာများအသုံးပြုခြင်းဖြင့် စာသင်ကျောင်းများ၌ မူးယစ်ဆေးဆိုင်ရာ ပြဿနာများဖြစ်ပွားမှုလျှော့နည်းစေရေး အကူအညီပေးလိမ့်မည်ဖြစ်ကြောင်း ဖီဂျီနိုင်ငံ ပညာရေးဝန်ကြီး အက်ဆီရီရာဒရီဒရိုက၏ ပြောကြားချက်ကို ဖီဂျီရုပ်သံလွှင့်ကော်ပိုရေးရှင်းက ဇူလိုင် ၂၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ဖီဂျီနိုင်ငံ၌ လွန်ခဲ့သည့် ၁၂ လအတွင်းက ကျောင်းသားများနှင့် ပတ်သက်ဆက်နွှယ်သည့် မူးယစ်ဆေးဆိုင်ရာမှုခင်း ၃၀၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း ဖီဂျီနိုင်ငံပညာရေးဝန်ကြီး အက်ဆီရီရာဒရီဒရိုက ပြောကြားခဲ့သည်။

ထို့ပြင် သံသယဖြစ်ဖွယ်ရှိသော ကျောင်းသားများအား စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ရန်နှင့် စောင့်ကြည့်မှုများဆောင်ရွက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း ဖီဂျီနိုင်ငံ ပညာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဖီဂျီနိုင်ငံ၌ လွန်ခဲ့သည့်သုံးနှစ်တာကာလကတည်းက စာသင်ကျောင်းများ၌ မူးယစ်ဆေးဆိုင်ရာမှုခင်းများ ဖြစ်ပွားမှုမြင့်တက်လျက်ရှိခြင်းကြောင့် လက်ရှိတွင် နိုင်ငံအတွင်း၌ မူးယစ်ဆေးကင်းစင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အီသီယိုးပီးယားမြေပြိုမှုအတွင်း သေဆုံးသူ ၅၀၀ခန့်အထိရှိလာနိုင်ဟု ကုလသမဂ္ဂအဖွဲ့အစည်းပြောကြား

အဒစ်အာဘာဘာ ဇူလိုင် ၂၆

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း သေဆုံးသူအရေအတွက် ၅၀၀ခန့်အထိ ရှိလာနိုင်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ယမန်နေ့တွင် သတိပေးပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းအရ သိရသည်။

လက်ရှိအချိန်အထိ ၎င်းသဘာဝဘေးကြောင့် သေဆုံးသူ အရေအတွက် ၂၅၇ဦးအထိရှိလာပြီး အခင်းဖြစ်ဒေသတွင် ရွှံ့များအတွင်း နစ်မြုပ်နေသည့် ရုပ်အလောင်းများကို ထပ်မံတွေ့ရှိနိုင်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက မှတ်ချက်ပြုပြောကြားသည်။

၎င်းကုလသမဂ္ဂအဖွဲ့အစည်းသည် မြေပြိုမှုဖြစ်ပွားရာဒေသ၌ အရေးပေါ်ပူးပေါင်းဆောင်ရွက်ရေးစင်တာကို ဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။ ဖြစ်စဉ်တွင် ပထမမြေပြိုမှုသည် နိုင်ငံတောင်ပိုင်း ဂိုဇာဂိုပါခရိုင် ကန်ချိုရှာချာဂိုဒီကျေးရွာတွင် ဇူလိုင် ၂၁ရက်က ဖြစ်ပွားပြီး ဒုတိယမြေပြိုမှုမှာ ဇန်နဝါရီ ၂၂ ရက်တွင် ဖြစ်ပွားကာ ဖြစ်စဉ်များကြောင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံများထိခိုက်သေဆုံးခဲ့သည်။ သေဆုံးသူများတွင် ကလေးများနှင့် အမျိုးသမီးများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# မြောက်ဥက္ကလာပမြို့နယ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မြောက်ဥက္ကလာပမြို့နယ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးရှာဖွေ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်၌ မသင်္ကာဖွယ်တွေ့ရှိသူ အောင်သူဖြိုးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ဥက္ကာမင်းကို မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်ရှိ ၎င်း၏



ရဲသီဟအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေအိမ်၌ လည်းကောင်း၊ ဇော်ဇော်သိန်း(ခ)ဇော်ကြီး ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့်အတူ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၄)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်၌ လည်းကောင်း၊ မစိုးစိုးအေးကို စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုည ဒသမ ၁၅ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၁၃ ကီလို၊ အိုက်စ် သုည ဒသမ ၀၅ ကီလို၊ Happy Water သုည ဒသမ ၀၄၈ ကီလိုနှင့်အတူ မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ မသန်းသန်းဆွေ(ခ)လေးခင်ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့်အတူ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၄)ရပ်ကွက်တွင် လည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ကလောမြို့နယ် အောင်ပန်းမြို့ ကမ္ဘားနီကျေးရွာအုပ်စု သရက်ပုကျေးရွာအနီးတွင် ရဲသီဟ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၁၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Gu Jessica Moe”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရှောလီဝိုင်းရပ်ကွက်နေ မိုးနှင်းခိုင်အား ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝမ်းတွင်းမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်း

**ဝမ်းတွင်း ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့က ရွာတန်းကျေးရွာအုပ်စု တောင်ဇဂျမ်းကုန်းရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်းက သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်နှင့် သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စု မေးခွန်းပုံစံနှင့် အဖွဲ့အစည်း မေးခွန်းများကို အသိပညာပေးရှင်းလင်းခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝက ဦးစီးမှူး ဦးစိုးမင်းက တက်ရောက်လာသည့်ပြည်သူများမှ သန်းခေါင်



စာရင်းဆိုင်ရာမေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခဲ့ကာ မြို့နယ်သန်းခေါင်စာရင်း အဖွဲ့ဝင်များက ပြည်သူများ သိလိုသည့်အချက်များကို ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ပေးခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၄ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အဝိုလိမာလသုတ်)(ပုဗ္ဗဏှသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** စံပြဖြိုက်သောမိသားစုလေးနဲ့ကျောင်းကလေး
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၁:၁၀** ချစ်စရာအရွယ်ကစားကြမယ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာ 'ချင်းရိုးရာကြက်သားသုပ်'
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၁၄)
**၁၃:၃၀** MRTV National News
**၁၄:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၃၃)
**၁၆:၅၀** ပုံပြင်ကမ္ဘာအစီအစဉ် 'ညီအစ်ကိုနှစ်ယောက်'
**၁၇:၀၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၂၀** အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၂)
**၁၇:၄၀** ရသစုံစွာဉ်ပြေကမ္ဘာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** အိုလံပစ်အားကစား (Highlight)(2)
**၁၈:၄၀** ပြည်ချစ်သားမွန်တေးသဝဏ်
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုက်'** (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ရုပ်စုံသဘင်ပြိုင်ပွဲ) "မဟာဗုဒ္ဓဝင်တောထွက်ခန်း" (ပထမဆု)(မန္တလေးတိုင်းဒေသကြီး)

**mitv**

**07:01** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:11** Weekly Review
**07:29** Tahbuhla Dam & Oakkan Chaungtha
**07:40** Myanmar Designer Studio: Min Min Myat
**08:01** News
**08:26** Mote Pel Sote from Intaing Village
**08:34** Daytamotbarat Sasana Land
**09:01** Quiz Time (Ep-70)
**10:01** News
**10:26** Children's Delight: Bad Habits
**10:39** Inside Myanmar: Waso Full Moon Day & Religious Rituals at Great Shwedagon

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** သူတို့ဒေသသူတို့ဘဝ(ဇန်းမော်မြေမှ ရှမ်းရိုးရာ)
**ဝ (၀၈:၀၀ မှ ၁၀:၀၀)** လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၅)
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၁၂:၀၀ မှ ၁၄:၀၀)** ရင်ထဲကရိုးရာ(ဇာတ်လမ်းတို)
**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** တိမ်ပင်လယ်သို့ခြေဆန့်ခြင်း
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** အဆီကျခြင်းအတွက် ကျန်းမာစေသောနည်းလမ်းများ
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ဝါခေါင်လပြစ်တည်ရာ ချည်ဖြူပွဲမင်္ဂလာ
**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)** ကလေးများဖုန်းကြည့်ခြင်းနှင့်ပတ်သက်ပြီး သတိပြုရမည့်အကြောင်း
**ချင်း (ဒို့ဗို) (၁၈:၀၀ မှ ၁၉:၀၀)** အမဲသားလိပ်နှင့်ငရုတ်ကောင်းဆော်စို
**မွန် (၁၉:၀၀ မှ ၂၁:၀၀)** ကျွဲကောသီး၏အကျိုးကျေးဇူး
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ရခိုင်ပြည်နယ်မှ သဘာဝအလှများ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၁၅** Bird's Eye View
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၆)

**MRTV FARMERS' / HTV Channel**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၃၀** ဆည်ရေစနစ်တကျသုံးစွဲဖို့ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ထူထောင်ကြပါစို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** ကိုယ်ချစ်မဝဝယ်မင်းကြီးမ (ဇာတ်လမ်း)
**၁၉:၄၅** How Texas Farmers Use 127 Million Acres of Farmland- American Farming Documentary
**၂၂:၀၀** Satyaprem.Ki.Katha.2023

**MRTV SPORTS / HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Olympic Football Highlight
**၀၇:၄၀** Soccer View
**၁၁:၀၀** အားကစားသတင်း
**၁၅:၁၅** မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Yangon United FC VS Mahar United FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် သံလွင်မြစ်ကမ်းဘေးတစ်လျှောက် စွန့်ပစ်အမှိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မော်လမြိုင် ဇူလိုင် ၂၆

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၅ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေးတစ်လျှောက် ချုံနွယ်များ၊ မြက်ပင်များ၊ စွန့်ပစ်အမှိုက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများက ဒီရေတက်ချိန် သံလွင်မြစ်အတွင်း မျောပါနေသော စွန့်ပစ်အမှိုက်များအား စုပေါင်းဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေမှုများ မရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားပြီး ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ ကမ်းနားလမ်း သန့်ရှင်းသာယာလှပစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ခရိုင်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် မွန်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မွန် ဇူလိုင် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ သင်တန်းသူများအနေဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို ကြိုးစားလေ့လာသင်ယူသွားကြရန်နှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ သင်တန်းသူများ



အား လက်တွေ့လေ့ကျင့်သင်ကြားနေမှုနှင့် သင်တန်းဆင်း သင်တန်းသူ သုံးဦး၏ စက်ချုပ်ဆိုင်ဖွင့်လှစ်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ ဆက်သွယ်သည့် ကလို့ရွာရှောင်လမ်း ၈၂၈ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိကြရာ ဒေသကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံအရာရှိက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချီးမြှင့်ငွေများ ပေးအပ်ပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပေါင်မြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

ပေါင် ဇူလိုင် ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ပေါင်မြို့နယ် ဇင်းကျိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဇင်းကျိုက်မြို့ အုပ်ချုပ်ရေးမှူး ဦးငွေတိုးအောင်က သင်တန်းသူများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ Scrub နှင့် ဆပ်ပြာခရင်မ်အမျိုးမျိုးတို့ကို ခုနစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

မြန်အောင် ဇူလိုင် ၂၆

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်းမှ ၂၀၂၄-၂၀၂၅ ခုနှစ် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ထန်းသုံးပင်ကျေးရွာအုပ်စု စနစ်ကျ ဧက ၁၀၀ ကွင်းရှိ ကွင်းအမှတ်(၂၄၉) တောင်သူ ဦးစိုး၊ ဦးအောင်မင်း၊ ဦးတင်ဦးတို့၏ လယ်မြေ ခြောက်ဧကတွင် ကျင်းပရာ မြန်အောင်ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်အောင်ခရိုင်



စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက် အားပေးကြည့်ရှုသည်။

**ဧက ၁၀၀ စိုက်ပျိုးမည်**

KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မြန်အောင်မြို့နယ်တွင် ဧက ၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာ လိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်းသောပျိုးပင်များရရှိခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းမွန်စေခြင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်းနှင့် ကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖြိုးဝေထွန်းက ရှင်းလင်းပြောကြား၍ ကောက်စိုက်စက်ဖြင့် လက်တွေ့မောင်းနှင် စိုက်ပျိုးသရုပ်ပြခဲ့သည်။

ဝင်းမိုလ်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်

ဓနုဖြူ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူ



မြို့နယ်တွင် ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက လင်းလွန်းပင်ကျေးရွာအုပ်စု လင်းလွန်းပင်ကျေးရွာ၌ ဆောင်ရွက်သည်။

**ဆောင်ရွက်ပေးခဲ့**

ထိုသို့ဆောင်ရွက်ရာတွင် ဓနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓနုဖြူမြို့နယ်ရုံးမှ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးသက်ကိုဖြိုးနှင့် ဝန်ထမ်းများက လင်းလွန်းပင်ကျေးရွာအုပ်စုတွင် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးပြီး ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ သန်းခေါင်စာရင်းလက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်း၊ ပိုစတာကပ်ခြင်း၊ နိုင်အပေါက်ဖာခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

◆

## လေဖိအားနည်းရပ်ဝန်းအခြေအနေ




နေပြည်တော် ဇူလိုင် ၂၆

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဘီးလင်းမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား ခေါက်ဆွဲခြောက်များ လာရောက်လှူဒါန်း

ဘီးလင်း ဇူလိုင် ၂၆

မွန်ပြည်နယ် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ဘီးလင်းမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအတွက် ခေါက်ဆွဲခြောက်များ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက ဘီးလင်းမြို့နယ် ယာယီရေဘေးကယ်ဆယ် ကွပ်ကဲရေးရုံး ဖွင့်လှစ်ထားသည့် သာသနာ့ ဗိမာန်တော်၌ ကျင်းပသည်။

ဘီးလင်းမြို့နယ် ရေဘေးရှောင်ပြည်သူများအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္កဋ္ဌ ဒုတိယရဲမှူးကြီး ဆန်းနိုင်ဦးက ငွေကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ဖာ ၅၀ ကို ရေဘေးသင့် ပြည်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့သည် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ရေဘေးရှောင်ပြည်သူများထံ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

သထုံ ဇူလိုင် ၂၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုး အဆက်မပြတ်ရွာသွန်းမှုကြောင့် ဒုံသမိချောင်းရေ မြင့်တက်လာရာ ရေဘေးလွတ်ရာရှောင်တိမ်းနေထိုင်ကြသည့် ဒူးရင်းဆိပ်ကျေးရွာအနိမ့်ပိုင်းမှ ရေဘေးရှောင်ပြည်သူများအား သထုံခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။



ထောက်ပံ့ ပေးအပ်ရာတွင် သထုံခရိုင်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒူးရင်းဆိပ်ကျေးရွာ ရွာလယ်ဓမ္မာရုံနှင့် တပ်ဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့၌ ရေဘေးရှောင်ပြည်သူများကို တွေ့ဆုံအားပေးစကားများ ပြောကြားကာ စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ကြက်ဥတို့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၄၁၁၆၀၀ တို့ကို ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

သထုံမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းပြီး ဒုံသမိချောင်းရေ မြင့်တက်လာသဖြင့် ပြီးခဲ့သည့် နှစ်ရက်ခန့်မှစတင်ကာ ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်းနေ ပြည်သူများအား ရေလွတ်ရာဖြစ်သည့် ရွာလယ်ဓမ္မာရုံ၌ အိမ်ထောင်စု ၂၃ စုမှ လူဦးရေ ၉၃ ဦး၊ တပ်ဦးဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၁ စုမှ လူဦးရေ ၁၀၃ ဦးတို့ကို တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မွန်ပြည်နယ်အစိုးရက ဘီးလင်းမြို့နယ်ရှိ ရေဘေးသင့်အိမ်ထောင်စုများထံ ဆန်နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ဘီးလင်း ဇူလိုင် ၂၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၅ ရက်မှ စတင်ကာ ဘီးလင်းမြစ်ရေ မြင့်တက်လာသည့်အတွက်မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာ ခြောက်ရွာတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဘေးဒဏ်ခံရသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်အိတ် ၁၀၀ နှင့် အလှူရှင်များက ထောက်ပံ့လှူဒါန်းသော ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်ကတ်များကို မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများထံ ယနေ့နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့သည်။

ဘီးလင်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းအထိ ယာယီရေဘေးရှောင်စခန်း ၁၃ ခုဖွင့်လှစ်၍ အိမ်ထောင်စု ၉၁၁ စုမှ အမျိုးသား ၁၇၄၀၊ အမျိုးသမီး ၁၈၈၆ ဦး စုစုပေါင်း ၃၆၂၆ ဦးတို့အား ပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဟသ်ာတမြို့နယ်၌ ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

ဟသ်ာတ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်ကာကွယ်ဆေး Pfizer(O) များ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးရာသို့ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသန္တာနှင့် သူနာပြုဆရာမများက အသက် ၆၀ နှင့်အထက် ပြည်သူများ၊ အသက် ၄၀ နှင့်အထက် နိုင်ငံ့ဝန်ထမ်းများ၊ ၁၈ နှစ်အထက် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဝန်ထမ်းမိသားစုများအား ကိုဗစ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရာ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။

ဟသ်ာတခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် ဟသ်ာတမြို့နယ်အတွင်း ကိုဗစ်ကာကွယ်ဆေးထိုးအဖွဲ့များခွဲ၍ နေ့စဉ်ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင်ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်းနှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်သည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ရှုမျှော်ခင်းနဲ့အခန်း | နိုင်ဇော် | ဒေါ်နှင်းဦးမွန်<br>သီရိဝဏ္ဏစာပေတိုက် |
| ၂။ | မျှော် | တင်မောင်မြင့် | ဦးစိုင်းနွံနွတ်<br>The Key Collection |
| ၃။ | အကြာဆုံးစစ်ပွဲ မြန်မာပြည်<br>(၁၉၄၁-၁၉၄၅)(ဒုတိယအကြိမ်) | မြသန်းတင့် | ဒေါ်ခင်ခင်ထွေး<br>ဇော်ဂျီဖိုလ်ဝင် စာအုပ်တိုက် |
| ၄။ | Project Management for MBA | ဝေဖြိုးအောင် | ဦးကျော်သီဟ<br>IT Computer Training Center |
| ၅။ | အမွေ ၊ လက်ခံလိုက်စမ်းပါ ၊<br>တကယ့်အနုပညာ | အောင်သင်း | ဒေါ်ဝင်းမာတင်<br>ဖွန်ပွင့်စာအုပ်တိုက် |

ပြန်ကြားရေးဝန်ကြီးဌာန

# စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အွန်လိုင်းပညာပေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေး

**နေပြည်တော်   ဇူလိုင်   ၂၆**

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အွန်လိုင်းပညာပေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးနည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို သမားရိုးကျ ပညာပေးရေး နည်းလမ်းများအပြင် နိုင်ငံတကာ၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology – ICT)ကို စနစ်တကျ အသုံးချနိုင်ရေး အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြရန် အရေးကြီးကြောင်း၊ ကွန်ပျူတာအသုံးပြု ဒစ်ဂျစ်တယ်မီဒီယာထက် မိုဘိုင်းဖုန်းအခြေခံ လူမှုကွန်ရက်မီဒီယာနည်းလမ်းများကို လူတန်းစားအလွှာစုံက ပိုမိုအသုံးပြုသည့်အတွက် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ တက်ဘလက်များဖြင့် နည်းပညာများ၊ အသိပညာများနှင့် သတင်းအချက်အလက်များကို စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ အလွယ်တကူရယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ပညာရှင်များက စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်စေရန် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိအသုံးပြုနေသော အွန်လိုင်းပညာပေးခြင်းလုပ်ငန်းအမျိုးမျိုးနှင့် အွန်လိုင်းပညာပေးရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများ၊ အွန်လိုင်းပညာပေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သော လုပ်ငန်းများ၊ နည်းလမ်းများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ဆွေးနွေးပွဲသို့ ကိုယ်တိုင်ပါဝင်တက်ရောက်လာကြသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ Zoom ဖြင့် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ အကြံပြု သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအတွက် နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများအပြင် လုပ်ငန်းခွင် အခက်အခဲများ၊ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန်နှင့် သတင်းအချက်အလက်များကို အချိန်မီ ဖြန့်ဖြူးပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လစဉ်စကားဝိုင်းဆွေးနွေးပွဲကိုများကို ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့အဖြစ်ဖော်ဆောင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး   ဇူလိုင်   ၂၆**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့အဖြစ် ဖော်ဆောင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက မကွေးမြို့အား ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ချမ်းအေးသာစံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး   ဇူလိုင်   ၂၆**

၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေး ဟောပြောပွဲနှင့် ပန်းခင်းစီမံချက် (၃) အရ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ယနေ့နံနက် ၁၀ နာရီတွင် သီရိဟေမာ အနောက်ရပ်ကွက်ရှိ ဓနသိဒ္ဓိအောင်တော်မူ ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဟောပြောပွဲတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း ဆောင်ရွက်မည့် ကာလနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်မည့် အချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက်များ လိုက်နာရမည့် အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**



# ပဲခူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပဲခူး ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက "အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့"အထိမ်းအမှတ် ပညာပေးဟောပြောပွဲနှင့် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ပဲခူးခရိုင် ကဝမြို့နယ် စစ်တောင်းမြစ်ဝရှိ အောင်ကံလှိုင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်ကံလှိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးဆိုင်ရာနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များအားအသိပညာပေးဟောပြောသည်။

ထို့နောက် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပညာပေး Video Clip အား ပြသသည်။

ဆက်လက်၍ ကဝမြို့နယ် အောင်နိမိတ်ဒီရေတော အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပွဲအားကျင်းပရာ တပ်မတော်သားများ၊ကျေးရွာသူ ကျေးရွာသားများ၊ Worldview International Foundation မှ ဝန်ထမ်းများနှင့် ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၇၅ ဦးတို့က သမဲ့ပင် ၂၀၀၀၊ ဖြူးခြေထောက်အဖိုပင် ၁၃၀၀၊ ဖြူးခြေထောက်အမပင် ၁၃၀၀ စုစုပေါင်းပျိုးပင် ၄၆၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ လမုတောဧရိယာအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားကျေးရွာမှ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများက လမု၊ သမဲ့၊ မာလာလူးကား သစ်မျိုး စုစုပေါင်း ၃၅၁ ပင်အား စုပေါင်းစိုက်ပျိုးစဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဓနုဖြူ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာတွင် ယနေ့နံနက်ပိုင်းက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့များ၊ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့၊ ကျေးရွာသူကျေးရွာသားများက အရိပ်ရပင်ဖြစ်သော မန်ကျည်းပင်၊ မဟော်ဂနီပင်များနှင့် လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



# ထားဝယ်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော

ထားဝယ် ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် "မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး"ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထားဝယ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက ပျိုးပင်များစိုက်ပျိုးရာတွင် ပျိုးအိတ်မြေလုံးမကွဲစေဘဲ စနစ်တကျစိုက်ပျိုးရန်လိုအပ်ပြီး ရှင်သန်ကြီးထွားမှုကောင်းမွန်စေရန်ပေါင်းရှင်း/ခါးဆွ/မြေတောင်မြှောက်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးမှသာ တစ်ပင်စိုက် တစ်ပင်ရှင်သန်ပြီး ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရသည့် ရည်ရွယ်ချက်အောင်မြင်ပြီး အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ကြောင်း သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်နှင့် ရေဖြူမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးနိုင်လင်းအောင်တို့က သစ်တောများ ထိန်းသိမ်းကာကွယ်သင့်သည့် အကြောင်းအရာများအား အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ ဘောပင်များပေးအပ်သည်။

ထို့နောက် သစ်တောဝန်ထမ်းများက ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား သစ်ပင်စိုက်ပျိုးမှုနည်းစနစ်များ ရှင်းလင်းပြောကြားပြီး ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်စေရန်အတွက် ခရေ၊ ရေတမာ၊ ဗာဒံ စုစုပေါင်း ပျိုးပင် ၅၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ဒေးဒရဲမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒေးဒရဲ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ(ဒီရေတော) သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဒေးဒရဲမြို့နယ် သုံးဒါတ်တံတားချောင်ကျေးရွာအုပ်စု ကွင်းပုန်းကျေးရွာ ရတနာသောင်တန်းအနီးရှိ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ဖျာပုံမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ၏ လမ်းညွှန်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ သုံးဒါတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဒီရေတောဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေရေးအတွက် ကျန၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ လမု၊ အုန်းပင်၊ မာလာလူးကား၊ ပင်လယ်ကဗွီးစသည့် ပျိုးပင်ပေါင်း ၁၃၅၀ အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

၂၀၇

# ကွမ်းခြံကုန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲကျင်းပ

ကွမ်းခြံကုန်း ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အတွက် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက်က အလယ်ရွာကျေးရွာအုပ်စု ဆယ်အိမ်တန်းကမ်းခြေတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ကော့မှူးမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမင်းနှင့် ဝန်ထမ်းများ၊ WIF မှ ဝန်ထမ်းများ၊ CF အဖွဲ့ဝင်များ၊ အလယ်ရွာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဖြူးရွှေဝါပင် ၁၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့နောက် ကော့မှူးမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးက အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ဆွေနွယ်(ပြန်/ဆက်)



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# ကော့သောင်းမြို့နယ်၌ မြို့နယ်အဆင့် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကော့သောင်း ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအုပ်စု (၂၂)မိုင်ကျေးရွာတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ကော့သောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မလိဝမ်းကျေးရွာမှ အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၄၇ ဦး တက်ရောက်ပြီး ဖြူးခြေထောက်ပင် ၁၀၀၀၊ အုန်း ၁၅ ပင် စုစုပေါင်း ၁၀၁၅ ပင်အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME အားပေးစို့

မြဦး(စက်မှု)

**ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးသက်ရောက်မှုနှင့် နည်းပညာ အလျင်အမြန် ပြောင်းလဲလာမှုများကြောင့် ယခင်ကာလများထက်ပို၍ MSME များသည် ငွေကြေး အရင်းအနှီး၊ ဒစ်ဂျစ်တယ်အသုံးချမှုစွမ်းရည်များ၊ အဆင့်မြင့်စက်ကိရိယာများနှင့် နည်းပညာများ၊ ကျွမ်းကျင်လုပ်သားများ၊ စီးပွားစီမံခန့်ခွဲမှုနည်းစနစ်များ၊ သတင်းအချက်အလက်များ၊ ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်ရေး အစီအမံများပံ့ပိုးပေးရန်လိုအပ်လာခြင်းနှင့်အတူ လုပ်သာကိုင်သာရှိစေရန် ဖန်တီးပေးထားသော စီးပွားရေးဝန်းကျင်ကောင်းများ ပိုမိုလိုအပ်လာသည်ကို တွေ့ရှိရပါသည်။**




စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများတွင် ဖွံ့ဖြိုးမှုဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံ၏အခြေခံကျောရိုးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကို မြှင့်တင်ဆောင်ရွက်ပေးမှုသည် အခြေခံအကျဆုံးလုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်သည် တိုင်းပြည်စီးပွားရေးကို နိုင်ငံအနှံ့တိုးတက်စေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေလျက် ဆင်းရဲနွမ်းပါးမှုများကို လျော့နည်းပပျောက်စေနိုင်ပါသည်။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာ (Technology)၊ ကျွမ်းကျင်လုပ်သားများ (Skilled Worker)၊ သတင်းအချက်အလက်များ (Information)၊ အရင်းအနှီးများ (Investment)၊ စွမ်းအင်များ (Energy)၊ ဆန်းသစ်တီထွင်မှုများ (Innovation)၊ အခြေခံအဆောက်အအုံများ (Infrastructure) စသည့် သွင်းအားစုအမျိုးမျိုးကို အသုံးပြုရပြီး ၎င်းသွင်းအားစုများ အသုံးပြုမှုအခြေအနေများအပေါ် မူတည်၍ အရင်းအမြစ်အခြေပြု ကုန်ထုတ်လုပ်ငန်း၊ အရင်းအနှီးအခြေပြု ကုန်ထုတ်လုပ်ငန်း၊ လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်း၊ နည်းပညာအခြေပြု ကုန်ထုတ်လုပ်ငန်းများဟူ၍ ခွဲခြားနိုင်ပါသည်။ အဆိုပါ ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်တို့မှာ အဓိက ပါဝင်နေကြောင်း တွေ့ရပါသည်။

**အခြေခံအကျဆုံးသော စီးပွားရေးလုပ်ငန်းစုများဖြစ်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises) သည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခြေခံအကျဆုံးသော စီးပွားရေးလုပ်ငန်းစုများ ဖြစ်ပါသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကာလများ၌ပင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းကျောင်းပေးနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါသည်။ MSME လုပ်ငန်းများမှာ စားသုံးသူဈေးကွက်သို့ရောက်ရှိမည့် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများဖြစ်ကြပြီး ၎င်းတို့ထဲတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ ထုတ်လုပ်သူများ၊ လက်ကားနှင့်လက်လီရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ စသည်တို့ပါဝင်ပါသည်။

MSME လုပ်ငန်းစုများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဆန်းသစ်မှုများ၏ အဓိက အရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာနေရာအဖြစ်လည်းကောင်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးတည်ငြိမ်ရေးတို့အတွက်လည်း အရေးပါသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်းအသစ်များ ဖြစ်ပေါ်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ထပ်မံဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များမှတစ်ဆင့် နိုင်ငံအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတစ်ရပ်ဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (Gross Domestic Product) တိုးတက်စေရန်လည်း အထောက်အကူပြုနိုင်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေးဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် ကာလတို၊ ကာလရှည် မျှော်မှန်းချက်များဖြင့် စနစ်တကျဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် ဧပြီလတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ SMEs တွင် အသေးစား စီးပွားရေးလုပ်ငန်း (Micro Enterprises) ကို ထပ်မံဖြည့်စွက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) အဖြစ် စတင်သုံးနှုန်းခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အတူတကွ အကောင်အထည်ဖော်ရာတွင် ကဏ္ဍတစ်ခုဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆောင်ရွက်ရန် အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Small and Medium Enterprise Working Group – ASEAN SMEWG) တွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ Focal အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

**အာဆီယံနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ASEAN Coordination Committee on Micro, Small and Medium Enterprises – ACCMSME)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN Strategic Action Plan) အရ ပံ့ပိုးကူညီပေးရမည့်ကိစ္စရပ်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်များကို ထိရောက်စွာ ပံ့ပိုးနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ် အစည်းအဝေးများ ဆောင်ရွက်ခြင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) ဆိုင်ရာကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ခြင်းနှင့် MSME နှင့်ပတ်သက်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အာဆီယံနိုင်ငံများမှ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ MSME ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပေးခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏ မေးမြန်းချက်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်များကို တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးဆောင်ရွက်ခြင်း၊ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ Project၊ Training၊ Seminar ကျင်းပရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ MSME များအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် သင်တန်းများပေးခြင်း၊ နည်းပညာများပေးခြင်း၊ E-Market Platform များ ထူထောင်ခြင်း၊ International Supply Chain အတွင်း ဝင်ရောက်နိုင်အောင် ပံ့ပိုးပေးခြင်း၊ SME Member ကတ်များထုတ်ပေးခြင်း၊ MSME များ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိနိုင်ရေးအတွက် ချေးငွေဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လုပ်ငန်းရှင် ၆၆၆၂၆ ဦးအား နည်းပညာပံ့ပိုးမှုများ ပြုလုပ်ပေး**

၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇွန်လအထိ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ၂၂၃ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၈၅၃၆ ဦး၊ ဈေးကွက်မြှင့်တင်ခြင်းသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၉၅ ဦး၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်း ၄၃ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၆၈၁ ဦး၊ စွန့်ဦးတီထွင်မှုဆိုင်ရာသင်တန်း ၄၄ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၃၂၈ ဦး၊ နည်းပညာလွှဲပြောင်းခြင်းသင်တန်း ၉၆ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၃၉၄၀၃ ဦး၊ အလုပ်ရုံဆွေးနွေးပွဲများ/ ဟောပြောပွဲများ ၁၅၁ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၁၂၈၉၆ ဦး၊ သတင်းအချက်အလက် နည်းပညာဖြန့်ဝေခြင်းသင်တန်း ၂၅ ကြိမ်ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၂၅၈၇ ဦး စုစုပေါင်း သင်တန်း/ဆွေးနွေးပွဲ ၆၀၂ ကြိမ် ဖွင့်လှစ်ပြီး လုပ်ငန်းရှင် ၆၆၆၂၆ ဦးအား နည်းပညာပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ဒေသတွင်းရှိ စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဒုတိယဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အဖွဲ့ဝင် ၄၂ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ အထောက်အကူပြုအဖွဲ့များအနေဖြင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တွင် အဖွဲ့ဝင် ၁၇ ဦးဖြင့် လည်းကောင်း၊ MSME အေဂျင်စီအဖွဲ့တွင် အဖွဲ့ဝင် ၂၄ ဦးဖြင့် လည်းကောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းထားရှိပါသည်။

စာမျက်နှာ ၂၀ သို့

❂ စာမျက်နှာ ၁၉ မှ

MSME များသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပြီး အလုပ်လက်မဲ့နှုန်းကျဆင်းစေရန် အဓိကဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရာတွင် အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)၊ မူဝါဒ (၂၀၁၅)နှင့် နည်းဥပဒေများ (၂၀၁၆) တို့ကို ရေးဆွဲ၍ စက်မှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးအကောင်အထည်ဖော်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ချေးငွေပံ့ပိုးပေးခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိ**

စက်မှုဝန်ကြီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building Training သင်တန်းပေါင်း ၃၂၆၅ ကြိမ် ပံ့ပိုးပေးခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME လုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Regional Action Plan ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီးများရရှိစေရန် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေပံ့ပိုးပေးခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ် စသည့်အဓိက(၄)ချက်ပြည့်စုံရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်းစားရာတွင် ကုန်ကြမ်းသေချာရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရန်၊ MSME လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်၊ MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးအပိုင်းသည်လည်း များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏ အနေအထားအရ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်လာစေရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှုပြုထားပါသည်။

လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ MSME များဖြစ်ကြပြီး အလုပ်အကိုင်များ၏ ၅၀ ရာခိုင်နှုန်းကျော်ကို MSME များက ဖန်တီးပေးထားကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၌ ပါဝင်သော လုပ်ငန်းအရွယ်အစားများတွင် နှစ်ရာခိုင်နှုန်းသာ အကြီးစားလုပ်ငန်းဖြစ်ပြီး ၉၈ ရာခိုင်နှုန်းမှာ MSME လုပ်ငန်းများဖြစ်သည်။ မြို့ပေါ်ရှိ MSME လုပ်ငန်းများထက် ကျေးလက်ဒေသ၌ Micro Enterprises ခေါ်သော ဝန်ထမ်း ၁၀ ဦးအောက်ရှိ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများက ပိုမိုများပြားပါသည်။

> **❛ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များသည် ဆန်းသစ်သော ပြည်တွင်း ပြည်ပပို့ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ထုတ်ကုန်များကို E-Market Platform များပေါ်တွင် ရောင်းချခြင်းဖြင့် ဈေးကွက်ဝေစုပိုမိုရရှိလာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုရှင်သန်အောင်မြင်လာမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည် ❜**

စီးပွားရေးပညာရှင်များ၏ လေ့လာချက်အရ မြန်မာ MSME များ၏ အားသာချက်မှာ ပြောင်းလဲနေသော ဈေးကွက်အခြေအနေပေါ်မူတည်၍ လျင်မြန်စွာပြုပြင်ပြောင်းလဲတုံ့ပြန်နိုင်ခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ လုပ်အားစရိတ်နှင့် ဝန်ဆောင်မှုစရိတ်သက်သာခြင်း၊ နေရာအနှံ့အပြားတည်ရှိနိုင်ခြင်း၊ ဈေးကွက်တုံ့ပြန်မှုအရ ထုတ်လုပ်မှုပုံစံပြောင်းလဲခြင်းတို့ကို လုပ်ငန်းကြီးများထက် ပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ခြင်းတို့ဖြစ်သည်။ MSME များသည် နေရာအနှံ့အပြားတွင် တည်ရှိခြင်းကြောင့် ခွဲဝေဖြန့်ဖြူးမှုပြုလုပ်ရာတွင် လုပ်ငန်းကြီးများနှင့်နှိုင်းယှဉ်လျှင် အကျိုးကျေးဇူးပိုရှိကြောင်း တွေ့ရှိရသည်။ လူနေထူထပ်သောနေရာများတွင် MSME များသည် မြို့ကြီးများအတွင်း အခြေမစိုက်ဘဲ မြို့ပြအပြင်ဘက် ဆင်ခြေဖုံး စသည့်နေရာများတွင် တည်ရှိသောကြောင့် လူနေထူထပ်သည့် မြို့ပြတွင် အခြေစိုက်သည့် လုပ်ငန်းကြီးများထက် ရင်းနှီးမြှုပ်နှံမှုစရိတ်များစွာ သက်သာကြောင်း တွေ့ရှိရသည်။

**ဈေးကွက်လိုအပ်ချက်များကို ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိ**

MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်၌နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံပြီး ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါး၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများထုတ်လုပ်သည့် ပရဆေးပင်များကို စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသား၊ ငါးများ ဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူကြပါသည်။ အဆိုပါ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခြေခံကုန်ပစ္စည်းများ (Primary Goods) ကိုသာမက မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက် စသည့်သယံဇာတများကို MSME များက တီထွင်ဆန်းသစ်သော အမြင်ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် အလွန်အကျိုးရှိနိုင်မည်ဖြစ်ပါသည်။

**ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ၎င်းတို့တိုးတက်လာစေရန် မူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် MSME များအတွက် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန် လိုအပ်သည့်အထောက်အပံ့များ ပံ့ပိုးဆောင်ရွက်ပေးခြင်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME ထုတ်ကုန်များ ဆန်းသစ်တီထွင်လာနိုင်စေရန်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာစေရန် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နည်းပညာ၊ ဈေးကွက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ထိုသို့ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များသည် ဆန်းသစ်သော ပြည်တွင်း ပြည်ပပို့ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ထုတ်ကုန်များကို E-Market Platform များပေါ်တွင် ရောင်းချခြင်းဖြင့် ဈေးကွက်ဝေစုပိုမိုရရှိလာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုရှင်သန်အောင်မြင်လာမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံ့စီးပွားတိုးတက်စေရန် MSME လုပ်ငန်းများအား အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား**

- မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း
- စက်မှုဝန်ကြီးဌာန၏ နှစ် (၈၀) ပြည့်မဂ္ဂဇင်း

## ရေတာရှည်မြို့နယ်၌ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်း သရုပ်ပြ

**ရေတာရှည် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီက မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးခြင်း လက်တွေ့သရုပ်ပြပွဲကို အဆိုပါကျေးရွာ မွေးမြူရေးတောင်သူ ဦးတင်မောင်မြင့် နေအိမ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လက်တွေ့ သရုပ်ပြရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံအရာရှိများက ကောက်ရိုးကို ယူရီးယားဖြင့် ပြုလုပ်ကာ ကျွေးမွေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပြီး နွားစာအတွက် ကောက်ရိုးယူရီးယား ပြုလုပ်ပုံအဆင့်ဆင့်အား မွေးမြူရေးတောင်သူများနှင့်အတူ လက်တွေ့သရုပ်ပြပြုလုပ်ခဲ့ကြသည်။

အဆိုပါကောက်ရိုးကိုယူရီးယားဖျန်းကျွေးမွေးခြင်းဖြင့် ကျွဲ၊ နွားများအတွက် အစားအစာအဖြစ်ကျွေးမွေးရန် ပိုလျှံစိုက်ပျိုးသီးနှံများကို စနစ်တကျ ထိန်းသိမ်းသိုလှောင်သည့် နည်းစနစ်ဖြစ်ပြီး ၎င်းအစာကို ကျွေးခြင်းအားဖြင့် နို့စားနွားငယ်များ ကြီးထွားနှုန်းမြင့်တက်လာခြင်း၊ ကျွဲ၊ နွားများအတွက် လုပ်အားစွမ်းအင် တိုးတက်မြင့်မားလာခြင်း၊ အသားတိုးနွားများ အသားထွက်နှုန်း မြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ စာကြည့်တိုက်ပညာရပ်သင်တန်း ဖွင့်လှစ်သင်ကြား

**တပ်ကုန်း ဇူလိုင် ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက် ကျေးရွာများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာရပ်သင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က



သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူး ဒေါ်ဖြူစင်အိတို့က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့် ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

# မြန်မာအမျိုးသားလေကြောင်း၏ မှတ်သုံးရာသီခရီးသွားပြပွဲ(၂၀၂၄)ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းက နှစ်စဉ်ကျင်းပသော အရောင်းမြှင့်တင်ရေး အစီအစဉ်တစ်ခုဖြစ်သည့် မုတ်သုံရာသီခရီးသွားပြပွဲ(၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Myanmar Plaza Promotion Area ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပြပွဲတွင် မြန်မာအမျိုးသားလေကြောင်း၏ တရားဝင်အရောင်းကိုယ်စားလှယ် ၁၀ ခု ဖြစ်သော 7 Diamond Travels and Tours၊ Columbus Travels၊ Flymya Tech၊ Lucky Treasure Travels၊ Maing Fong Travels၊ Nice Fare Travel၊ Oway Travel၊ Sun Far Travels and Tours၊ Tori Travel နှင့် YOLO Travel4U တို့က မြန်မာအမျိုးသားလေကြောင်းမှ ပျံသန်းပြေးဆွဲနေသော ပြည်တွင်းလေယာဉ်လက်မှတ်များအား ၁၀ ရာခိုင်နှုန်းလျှော့ဈေး၊ ပြည်ပလေယာဉ်လက်မှတ်များအား ၁၅ ရာခိုင်နှုန်း လျှော့ဈေးနှင့် လက်မှတ် ၁၀ စောင်ဝယ်လျှင် တစ်စောင်လက်ဆောင်ရရှိမည့် အစီအစဉ်များဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကိုထက်




# အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်း လုပ်ငန်းများကို ဇူလိုင် ၂၅ ရက်တွင် နံ့သာကုန်းရပ်ကွက်နှင့် ကွက်သစ်ရပ်ကွက်တို့ရှိသတ်မှတ်နေရာများ၌ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်လာစေပြီး ဇီဝဆိုင်ရာ အချက်အလက်စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီဂဏန်း ၁၀ လုံးပါဝင်သည့်Unique ID နံပါတ်ကတ်ပြားများကို နေ့ချင်းပြီးထုတ်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ စတင်ကာ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ဥာဏ်ဟိန်း

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၇-၇-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ(၅၆)၊ အမှတ်(၃၀)တွင် မုန်လာဥကို အလွန်ကြိုက်သော ဖိုးနီသည် မုန်လာဥများကို ကိုယ်တိုင်စိုက်ပျိုး စားသောက်ခြင်းက ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ကောင်းစွာနားလည်သဘောပေါက်သွားပုံအကြောင်း တင်ဆက်ထားသည့် "ဖိုးဖြူနှင့် ဖိုးနီ"မျက်နှာဖုံးကာတွန်း၊ အက်ဇတက်လူမျိုးတို့သည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်စိုက်မတ်မတ်ကြိုးစားလုပ်ကိုင်ရာမှ အင်ပါယာတစ်ခုကို တည်ထောင်နိုင်သည်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် "အက်ဇတက်လူမျိုးနဲ့ စိုက်ပျိုးရေးလုပ်ငန်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ မိဘချင်းက မသင့်မြတ်ကြသော်လည်း အချင်းချင်းသင့်မြတ်အောင် နေကြမည်ဆိုသော ဖားကလေးနှင့် မြွေကလေးတို့အကြောင်း ရေးဖွဲ့ထားသည့် "သူငယ်ချင်း"နှစ်မျက်နှာကာတွန်း၊ ခြသေ့်ကလေးစွမ်းစွမ်းသည် တောစောင့်နတ်မင်းကြီး၏ ကူညီစောင့်ရှောက်မှုဖြင့် ဖခင်ခြသေ့်မင်းကြီးထံမှ ခြသေ့်တို့တတ်အပ်သော ပညာများကို အချိန်တိုအတွင်း သင်ကြားတတ်မြောက်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် "ခြသေ့်လေး ငပျင်း" ပုံပြင်ကဏ္ဍ၊ သူတစ်ပါးအပေါ် အနိုင်ကျင့်ရာက မိမိကိုလည်း အနိုင်ကျင့်မည့်သူ ပေါ်ပေါက်လာတတ်ပုံအကြောင်း သရုပ်ဖော်ထားသည့် "အလှည့်"တစ်မျက်နှာကာတွန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါးအကြောင်း ရေးဖွဲ့ထားသည့် ဆရာငွေးကြည်(စလင်း)၏ "ပန်းလိုမွှေးတဲ့ ပါး" ကဗျာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မင်းလှမြို့နယ် လယ်လှကျေးရွာ၌ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်လှစ်

အထက်မင်းလှ ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လယ်လှကျေးရွာတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရေးအတွက် လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့က လယ်လှကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစန်းအောင်က အမှာစကားပြောကြားပြီး သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထက်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းသို့ လယ်လှကျေးရွာမှ သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၃ ရက်အထိ စာတွေ့လက်တွေ့တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဇာဇာ(အထက်မင်းလှ)

✪ MNL မှ

အတူ ဇယားအပေါ်မှအသင်းများနှင့် အမှတ်ကွာဟသွားခဲ့သည်။

အရေးပါသည့်ပွဲ ဖြစ်သောကြောင့် နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသလို ခြေစွမ်းအရကွာခြားမှုမရှိသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ သို့သော် နှစ်သင်းစလုံး အခွင့်အရေးများ အသုံးမချနိုင်သဖြင့် မိနစ် ၈၀ ကျော်အထိ ဂိုးမရဘဲ ၈၄ မိနစ်တွင် နောက်ခံလူ ဝင်းမိုးကျော်က ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက် ဂိုးသမား နေလင်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက လေးပွဲကစား ၁၀ မှတ်၊ ရတနာပုံအသင်းက လေးပွဲကစား ခုနစ်မှတ် ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက Dagon Port အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယပိုင်းအပြန်အလှန်သွင်းဂိုးများဖြင့် နှစ်သင်းပေါင်းသွင်းဂိုး ခြောက်ဂိုးအထိ ရှိခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက တတိယမြောက် နိုင်ပွဲရရှိခဲ့သည်။

ဒဂုံစတားအသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ငြိမ်းချမ်း၊ ၆၅၊ ၈၃ မိနစ်တွင် စွမ်းထက်၊ ၉၀+၄ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၅၁၊ ၇၃ မိနစ်တွင် မိုဂူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားယူနိုက်တက်အသင်းမှ စွမ်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Dagon Port အသင်းက လေးပွဲကစား သုံးမှတ် ရရှိထားသည်။

ပွဲစဉ်(၄)ဒုတိယနေ့အဖြစ် ဇူလိုင် ၂၇ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL

# ကလေးဝမြို့၌ မျိုးစေ့ချကိရိယာများပေးအပ်ခြင်းနှင့် နည်းပညာပေးသင်တန်းဖွင့်

ကလေးဝ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တောင်သူများအား ထောက်ပံ့သော မျိုးစေ့ချကိရိယာများပေးအပ်ခြင်းနှင့် နည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တောင်သူများအား ထောက်ပံ့သော မျိုးစေ့ချကိရိယာ ၁၇ ခုအား ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းဖွင့်လှစ်ရာ ဒုတိယဦးစီးမှူး ဦးသန်းထွန်းကြီးနှင့် လက်ထောက်ဦးစီးမှူး ဒေါ်ခိုင်ဌေးဦးတို့က မျိုးစေ့ချကိရိယာ အသုံးပြုပုံနည်းလမ်းများ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာများကို ပို့ချရာ တောင်သူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်(၁၂၅/ခ)၊ စိန်ရတနာလမ်း၊ အကျယ်အဝန်း(၂၀ပေ x၆၀ပေ)ရှိ **ဦးဝင်းလှိုင်(TME- ၀၀၁၆၂၄)**အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်စန်းစန်းအေး [၁၂/တမန(နိုင်)၀၂၈၄၅၀]**မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ချိုမာထွေး [၁၄/လပတ(နိုင်)၀၀၄၇၆၃]**မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုမာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**




## "အမည်တစ်ဦးတည်းဖြစ်ကြောင်းအများသိစေရန် ကြေညာခြင်း"

Passport No.MI 921234 တွင်ပါရှိသော " SU LATT PHYO AUNG" အမည် နှင့် Gujarat University ၏ APPLICATION FORM FOR SCHOLARSHIP THROUGH ICCR ကျောင်းဝင်ခွင့်လျှောက်လွှာပါ " Ms HSU LABT PHYO AUNG" အမည်သည် တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မဆုလာဘ်ဖြိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာထက် (LL.B,D.B.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၂)**
**အမှတ်-၉၆၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၇၃၅၁၂၈၊ ၀၉-၄၄၃၁၀၄၃၁၅**

## Court Power ရုပ်သိမ်းကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၁၃)နေ ဦးရှာဟွမ်ဟာမိဒ် [၁၂/မဂတ(နိုင်)၀၇၃၄၆၆] သည် တရားရုံးကိစ္စများဆောင်ရွက်ရန် (၁၇-၂-၂၀၁၇)နေ့၌ Notary Public ဦးလှဝင်းရှေ့မှောက်၌ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၉၉/၁၀၁)နေ ဦးအောင်သူဆက် [၁၂/သကတ(နိုင်)၁၆၁၅၃၇]ကို လွှဲအပ်ပေး၍ တရားရုံးကိစ္စများပြီးစီးခဲ့သဖြင့် ပါဝါကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း။

**ဦးရှာဟွမ်ဟာမိဒ်**
**ဖုန်း-၀၉-၅၁၄၄၉၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ်(၆)၊ ကြာညိုလမ်း၊ အမှတ်-၉၀၆၊ ဧရိယာ(၄၀ x ၆၀)ပေကို အမည်ပေါက်ဖြစ်သော ဦးမြင့်သိန်း [၁၂/ဗတထ(နိုင်)၀၁၆၃၀၁](ကွယ်လွန်) အမွေဆက်ခံဒေါ်သန်းနု [၁၂/ဗတထ(နိုင်)၀၁၄၄၁၀]ထံမှ ဦးညီညီသွင် [၇/မလန(နိုင်) ၀၀၀၄၅၄]မှလည်းကောင်း၊ ဦးညီညီသွင်ထံမှ ဦးသန်းဇော်[၇/ပတတ(နိုင်)၁၀၂၀၂၂]၊ ဦးသန်းဇော်ထံမှဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ်(၆)၊ကြာညိုလမ်း၊ အမှတ်၉၀၆၊ ဧရိယာ (၄၀ x ၆၀)ပေ၏ခြေရင်းဘက်ခြမ်း(အလျား၂၀ပေ x အနံ ၆၀ပေ) ပါမစ်မိတ္တူမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုးပျဉ်ထောင် (၁)ထပ်လူနေအိမ်၊လျှပ်စစ်မီတာ၊ရေ၊ရေစက်အပါအဝင်မြေပေါ် ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန့်ဇင် (ကွယ်လွန်)အမွေဆက်ခံသူ ဒေါ်သန်းသန်းဝင်း [၁၂/ဗဟန(နိုင်) ၀၇၃၄၄၅]မှလည်းကောင်း ဝယ်ယူထားပြီး ဒေါ်သန်းသန်းဝင်းထံမှ ဒေါ်ဝေစပယ်အောင် [၁၂/စခန(နိုင်)၀၅၈၂၆၈]မှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝေစပယ်အောင်**
**ဖုန်း-၀၉-၇၇၉၇၁၄၉၄၃**

## အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၉)နေ ဒေါ်ရီရီမြင့်[၁၂/ဒပန(နိုင်)၀၂၆၅၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၃-ရပ်ကွက်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ( ၉၇/၁ ) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ( ၂၃-သုဝဏ္ဏ )၊ မြေကွက်အမှတ် ( ၁၇၀/ က )၊ မြေဧရိယာ ( ၀.၁၃၂ )ကေရှိ နှစ်( ၆၀ )ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ရီရီမြင့်သည် ညီအစ်မ(၃)ယောက်ရှိသည့်အနက် ၎င်း၏အငယ်ဆုံး ညီမဖြစ်သူ ဒေါ်ရီရီဝင်း [၁၂/ဒပန(နိုင်) ၀၀၇၈၃၃] အား မေတ္တာဖြင့် အပိုင်ပေးကမ်းထားပြီးဖြစ်ပါသည်။ ထိုသို့မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ညီမအလတ်ဖြစ်သူ ဒေါ်အေးအေးမော်မှ သဘောတူလက်ခံပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦတို့ကို ဒေါ်ရီရီဝင်းအား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်၍ အပြီးအပိုင်မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုလွှဲပြောင်းပေးရန်စီစဉ်ပြီးဖြစ်၍ ကန့်ကွက်လိုပါကယနေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံသို တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီးလာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (လေးထောင့်ကန်/စိုက်မွေး)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ အုတ်ကန်လမ်းသွယ်၊ မြေကွက်အမှတ်(၉၉)၊ အိမ်အမှတ်(၁၅၉)၊ မြေပေအကျယ်(၆၀x၆၀)ပေ၊ စတုရန်း ပေ(၃၆၀၀)ရှိ ဦးကျော်ဝင်း အမည်ပေါက်မြေချ ပါမစ်မြေကွက်မှတရားဝင်မခွဲမစိတ် ရသေးသော(ပါမစ်မိတ္တူ ခြေရင်းဘက်အခြမ်း)၊ မြေပေအကျယ်(၃၀x၃၀)ပေ၊ စတုရန်းပေ(၉၀၀)ရှိ မြေကွက်ကို အမည်ပေါက်၏သားသမီးများ ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကြည်ကို [၁၂/လကန(နိုင်)၀၀၀၀၃၀] က အထက်ပါမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းဆက်ညွန့် [၁၂/ဗဟန(နိုင်) ၀၈၄၈၉၁]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )

## မရမ်းကုန်းခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၄ နှင့် ဆက်နွယ်သည့်

## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀၉

| | | |
|---|---|---|
| ဒေါ်ကြည်ငွေ<br>**ဒီကရီအနိုင်ရသူ** | နှင့် | ဒေါ်ခွာညိုမြင့်<br>**တရားရှုံး** |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ ၉/က/၈ ရပ်နေ တရားရှုံး ဒေါ်ခွာညိုမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။**

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး( ၁ )**
**မရမ်းကုန်းခရိုင်တရားရုံး**

## လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အောင်သာစည်ရပ်ကွက်တွင် နေထိုင်သူ ဦးအောင်ကျော်မိုး [၉/ကပတ (နိုင်) ၂၁၅၉၀၄] နှင့် ဒေါ်သင်းလှိုင်ထွေး [၁၂/သကတ(နိုင်)၁၄၇၆၁၉]တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့် (၂၀-၁-၂၀၂၄) ရက်နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် ကျွန်မနှင့်လုံးဝမသက်ဆိုင်တော့ပါ။ နောက်နောင် ဦးအောင်ကျော်မိုးနှင့်ပတ်သက်၍ ဖြစ်ပျက်မှုအားလုံးအား တာဝန်မယူတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းလှိုင်ထွေး [၁၂/သကတ(နိုင်)၁၄၇၆၁၉]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့၊ တောင်ပိုင်းရပ်ကွက်၊ ဦးပုညလမ်းထိပ်၊ နန်းစံအိမ်သုံးထပ်တိုက်မှ အမွေပြတ်စွန့်လွှတ်ခြင်း။ ဦးစိုးကြည်(ကော့မှူးရဲစခန်း) ရဲတပ်ကြပ်ကြီး + ဒေါ်နန်း(ခ)ဒေါ်အေးအေးသိန်းတို့၏သမီးဖြစ်သူ ယမင်းရွှေစင်လှိုင်းနဒီယမုံ့ရွှန်းလဲ့ဦး(ခ)မရွှန်းလဲ့ဦးသည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ၊ စိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ် ပြုလုပ်နေသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ သတင်းမေးခြင်း ၊ ဖုန်းဆက်မေးခြင်းသည်းခံပါ။

**ဦးစိုးကြည် + ဒေါ်အေးအေးသိန်း**

## မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ဒေါ်ခင်မြင့်ဆွေ(ဘ)ဦးလှရွှေ [၁၂/အစန(နိုင်)၀၁၂၇၅၂]၊ အခန်း၁၀၁၊ SH-2၊ ကြ္ဍိတ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ ဈ/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူက ဦးထွန်းလွင်(ဘ) ဦးလှရွှေ [၉/ပမန(နိုင်)၀၉၅၅၀၉] သို့ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပြုလုပ်ပေးအပ်ခဲ့သောမှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲ စာချုပ်အမှတ်-၃၉၆၁/၂၀၂၂(၁၀-၃-၂၀၂၂)အား ဤကြေညာချက်ပါနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာပါသည်။

**ဒေါ်ခင်မြင့်ဆွေ၏ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့်**
**B.A.(Law),LL.B.,DL Graduate(WIPO-Switzerland),**
**Advocate(No.2269/22-7-1982)**
**MAC Tower, အမှတ်-၅၆၁(ပ-ထပ်)၊ ကုန်သည်လမ်း၊ (၃၅လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၇၈/၈၂)၊ အခန်း(၅၀၁)၊ ၅-လွှာဟု ခေါ်တွင်သော တိုက်ခန်း(၁)ခန်းအား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားရှိသူ ဒေါ်ခင်စန္ဒာထွန်း [၁၂/လမန(နိုင်)၁၂၆၇၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိန် [၁၃/မဆတ(နိုင်)၀၃၂၈၉၉] မှ ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့ကြေညာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိ၊ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ်(၁၀၇)၊ သဘော်ကျင်း(၉)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-5050799**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁၀)လမ်း၊ အိမ်အမှတ်(၈၅၀)နေ ဦးအေးသိန်း [၁၂/ဥကတ(နိုင်)၀၆၁၀၀၈]နှင့် ဒေါ်ခင်သန်းကြည် [၁၂/ဥကတ(နိုင်) ၀၆၁၀၀၉] တို့၏ သားဖြစ်သူ မောင်လွင်နိုင်ဦး [၁၂/ဥကတ(နိုင်)၁၇၄၅၂၄]သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ မထီမဲ့မြင်ပြုခြင်း၊ မိဘအပေါ် သားသမီးဝတ္တရား ကျေပွန်ခြင်းမရှိသည့်အပြင် မိဘနှစ်ပါးအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ၎င်း၏သဘောဖြင့် ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားဖြစ်သူ မောင်လွင်နိုင်ဦးအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်လွင်နိုင်ဦးနှင့်ပတ်သက်သော ငွေရေးကြေးရေး၊ လူမှုရေး၊ အခြားအခြားသောကိစ္စရပ်များနှင့် အကြောင်းအရာများအား မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်ကောင်းမြတ်ဇော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးအေးသိန်းနှင့် မိခင် ဒေါ်ခင်သန်းကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ပြာစမ်း (LL.B)WIPO Switzerland**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၆၃၆၃)**
**အမှတ်(၅၅)၊ အခန်း(၁၆/B)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-43042134**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁/ခ၇)၊ မြေအကျယ်အဝန်း(၀.၃၅၁)ဧကေ၊ စတုရန်းပေ (၁၅၁၅၅)စတုရန်းပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပစ္စည်းအားလုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်မြို့နယ်၊ လူနေရပ်ကွက်(၄၅)၊ မြေကွက်အမှတ်(၁/ခ၆)၊ မြေအကျယ်အဝန်း(၀.၂၇၄)ဧကေ၊ စတုရန်းပေ(၁၁၉၆၀)စတုရန်းပေရှိ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၉၅၂/၉၅၃)ဟုခေါ်တွင်သော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပစ္စည်းအားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်စိုး [၁၂/မရက(နိုင်)၀၆၂၇၈၆]အမည်ဖြင့် မှတ်သားထားရှိ၍ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်း၊ အထက်ဖော်ပြပါမြေကွက်များမှာ မိမိ၏လက်ဝယ်ထားရှိကာ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်းမရှိကြောင်း၊ အမွေစားအမွေခံမှစ၍ အရှုပ်အထွေးပြဿနာ တစ်စုံတစ်ရာမျှမရှိကြောင်း၊ အခြားမည်သည့် ကန်ထရိုက်တာနှင့်မျှ အကျိုးတူ လုပ်ငန်းစာချုပ်များ ချုပ်ဆိုထားခြင်းမရှိကြောင်းဝန်ခံကာ ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုး[၁၂/မရက(နိုင်) ၀၆၂၇၈၆]နှင့် အဆောက်အဦ အကျိုးတူဆောက်လုပ်ခြင်းဆိုင်ရာ သဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဦးမြင့်စိုး [၁၂/မရက(နိုင်)၀၆၂၇၈၆]၏ အဆောက်အဦ အကျိုးတူ ဆောက်လုပ်ခြင်းဆိုင်ရာ သဘောတူကတိ စာချုပ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုခြင်းမရှိပါက အဆောက်အဦသစ် ဆောက်လုပ်ခြင်းကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချစ်စန္ဒီ** | **ဒေါ်ဝင်းပပစန္ဒာ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၄၉/၂၀၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄/၂၀၁၄)** |

**အမှတ်(၂၉)၊ တတိယထပ်၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၀၇၆၉၇၃၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၃၂)ပေါ်တွင် ဆောက်လုပ်ထားသော (၇)ထပ် (Hall Type )၏ (၆)လွှာအခန်း ၊ ဧရိယာ(၃၀ x ၄၂)ပေ ကျယ်ဝန်းသော (ရေ+မီး) အစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သော (၁) ဒေါ်တင်တင်ဝေ[၁၂/စခန(နိုင်)၀၀၄၁၁၉]၊ (၂) ဦးထွန်းထွန်းဝင်း [၁၂/စခန(နိုင်)၀၀၄၁၁၈]တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၄၂၈၇၇၀၈၂၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းကျေးရွာအုပ်စု၊ ကျိုက်စကိုင်းကျေးရွာ၊ ပြည်လမ်းဟုခေါ်တွင်သော ကွင်းအမှတ်-၇၈၈၊ ဦးပိုင်အမှတ် -၃၄^ခ၊ ဧရိယာ(၀.၅၄)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကတိပြုသူ ဦးမြင့်ဦး [၁၂/ဗတထ(နိုင်)၀၃၁၁၂၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကိုစရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်းမူရင်း အထောက်အထား ခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လဲ့လဲ့အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၇၄၁)**
**ဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ အဖျောက်မြို့။**
**ဖုန်း- 09- 790139765၊ 09- 675333114**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဿဝတီ-၁၂ လမ်း၊ အမှတ်-၉၃၂(စီ) မြေညီထပ် ( ၁၂ ပေ x ၅၇ ပေ ) အကျယ် တိုက်ခန်းနှင့် တွဲလျက်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီလာဝင်း (ဘ) ဦးဝင်းမောင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/သဃက(နိုင်)၀၀၂၃၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၆-၇-၂၀၂၄) ရက်နေ့တွင် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေညီထပ်တိုက်ခန်းနှင့် ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထင်ဇော်လတ် ( LL.B )** | **ဒေါ်ခင်စန္ဒာတင် ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၂၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၁၈၈)** |

**အမှတ်-၁၇၅ (ပထမထပ်)၊ ၃၃- လမ်း (အထက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-795610720၊ 09-455012335၊ 09-455012336**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၆) လမ်း၊ အမှတ်(၈၃)၊ (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ (၄)လွှာ၊ ခြေရင်းခန်း၊ ဧရိယာ(၅၀၆)စတုရန်းပေ၊ လူနေတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဦးနိုင်နိုင်အောင် [၁၂/လမတ(နိုင်)၀၃၂၂၀၀] ကိုင်ဆောင်သူက ဒေါ်သဇ္ဇာနိုင်ဦး [၁၂/သဃက(နိုင်)၁၇၄၅၂၇] ကိုင်ဆောင်သူထံမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ဆက်စပ်စာချုပ်များဖြင့် တရားဥပဒေနှင့်အညီ တရားဝင် အပြီးအပိုင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးနိုင်နိုင်အောင်** | **ဒေါ်မီမီအောင် (LL.B)** |
| **[၁၂/လမတ(နိုင်)၀၃၂၂၀၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၇၆)** |
| | **ဒေါ်မြတ်နိုးသူ(LL.B)** |
| | **အထက်တန်းရှေ့နေ(စဉ်-၅၆၀၈၁** |

**အမှတ်(၁၂၀၂)၊ အလောင်းဘုရားလမ်း၊ (၈၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄၇/က)တွင် **Mance Rattana Vocational And Technical College** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၄၈၃၀၇၃၅)သည် အောက်ဖော်ပြပါ **Mance Rattana Vocational And Technical College** လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၆၈၉၈)ဖြင့် မိမိတစ်ဦးတည်း လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မူရင်းဖြစ်ကြောင်း မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-

ဖော်ပြပါ **Mance Rattana Vocational And Technical College** လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ TV စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်း၊ တံဆိပ်တုံး Name Card၊ Letterhead၊ Email၊ Internet Website Logo Invitation Letter Social Media Facebook အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် "ပညာရေးဝန်ဆောင်မှုလုပ်ငန်း" များကို ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် လုပ်ငန်းအားလုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပ ပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ၊ သုံးစွဲကြောင်း တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသူထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၆၄)**
**အမှတ်(၉၆)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-254190496, 09-965450595**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လိုအပ်လျက်ရှိသည့် Centralized Internet Access Monitoring System –CIAM System ဆိုင်ရာ လိုင်စင် (၇)မျိုး (၁)နှစ် လိုင်စင်သက်တမ်းတိုးခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၂၉-၇-၂၀၂၄) ရက်နေ့မှ (၂-၈-၂၀၂၄)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနသို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၉-၈-၂၀၂၄) ရက်နေ့ မွန်းလွဲ (၂:၀၀) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီးတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါ စာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(ငွေသား (သို့မဟုတ်) PO Cheque ဖြင့် တင်ဒါတင်သွင်းခြင်းအား လုံးဝ(လုံးဝ) လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၈၆၉၈ နှင့် Email လိပ်စာ **it.ahrd@cbm.gov.mm** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် ကြေညာခြင်း

(ဘ)ဦးဘဝင်း၏သား မောင်ဆွေလင်း [၈/ဆမန(နိုင်)၀၄၃၅၃၀] ကိုင်ဆောင်သူ၏ PASSPORT နံပါတ် (M 543320) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မောင်ဆွေလင်း** | **ဒေါ်မြတ်နိုးသူ(LL.B)** |
| **[၈/ဆမန(နိုင်)၀၄၃၅၃၀]** | **အထက်တန်းရှေ့နေ(စဉ်-၅၆၀၈၁)** |
| **ဖုန်း-၀၉-၅၀၆၁၆၈၅** | **အမှတ်(၁၂၀၂)၊ အလောင်းဘုရားလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |

## ဒေါ်မာလာထွေး [၁၂/လသန(နိုင်)၀၀၀၇၉၆]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်-၁၁၁ (မြေညီထပ်) နေ **ဒေါ်သီဂီ [၁၂/လသန(နိုင်)၀၁၀၇၁၉]** (ခေတ္တဂျပန်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ (၂၂) လမ်း၊ အမှတ်-၁၁၁ ဟုခေါ်တွင်သတ်မှတ်သည့် မြေညီထပ်တိုက်ခန်း (၁) ခန်း။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်-၁၃ ဟုခေါ်တွင်သတ်မှတ်သည့် ကန်ထရိုက်တိုက်ရှိ ဒုတိယထပ် (B-3) တိုက်ခန်း (၁)ခန်း။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် (၂၂) ဟုခေါ်တွင်သတ်မှတ်သည့် (၆) ထပ်တိုက်၏ တတိယထပ် (၄-လွှာ/B) တိုက်ခန်း (၁) ခန်း။ (ဒေါ်မာလာထွေး အိမ်ငှားအဖြစ်နေထိုင်ခြင်းရှိသည်။)

(၄) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ရွှေစေတီလမ်း၊ လမ်းသွယ်(၂)၊ ခြံအမှတ်(၂)ရှိ မြေဧရိယာ (၃၁' x ၁၁၀') ရှိ မြေကွက်အလွတ် (၁) ကွက်။

(၅) မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့၊အောင်ချမ်းသာကျေးရွာရှိ ကွင်းအမှတ် (၆၅၆/က)၊ ဦးပိုင်အမှတ် (၆၉/၁)၊ အကွက်အမှတ် (ဃ+၁)၊ မြေဧရိယာ (၀.၁၃) ဧကရှိ မြေကွက် (၁) ကွက်။

အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်တို့တွင် ဒေါ်သီဂီ တစ်ဦးတည်း တရားဝင်လက်ရှိထားပိုင်ဆိုင်ခြင်းရှိပြီး မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ တစ်နည်းနည်းဖြင့် လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိပါကြောင်း၊ ပိုင်ဆိုင်ခွင့်အခွင့်အရေး လုံးဝမရှိသူတစ်ဦးဦးမှ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ပြုလုပ်ပါက လွှဲပြောင်းလက်ခံသူတို့သည် ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိမည်မဟုတ်ကြောင်းနှင့် ဒေါ်မာလာထွေးနှင့် ပတ်သက်သည့် ငွေကြေးအရေးကိစ္စအရပ်ရပ်အားလုံးတို့တွင် အစ်မ (၂)ဦးဖြစ်သူ ဒေါ်စန္ဒာ၊ ဒေါ်သီဂီတို့နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း၊ ငွေကြေးကိစ္စတို့ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဒေါ်မာလာထွေး၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်လတ် (B.Sc, H.G.P, D.I.L)** | **ဒေါ်ရွှေရီလင်း (LL.B , D.I.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၃၄၅)** | **(စဉ်-၁၈၂၉၈)** |

**အမှတ်-၅၆၁၊ အခန်း-၁၀၁/၂၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

မြေညီထပ်တိုက်ခန်း ရောင်းမည်
တောင်ဒဂုံစက်မှုဇုံ(၂)၊
ပြည်ထောင်စုလမ်းမကြီး၊
လမ်းမပေါ်၊ (၆၄)ရပ်ကွက်၊ ၃၅' × ၃၅'
မြေညီထပ်၊ ရေမီးအစုံပါ
၀၉-၅၁၁၂၀၁၃၊ ၀၉-၅၁၅၂၅၁၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မာလကာကုန်းကျေးရွာ၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ် (၂၆)နေသူ ကျွန်မ ဒေါ်ချယ်ရီဘငွေး (ခ) ဝါဝါဇော် (ဘ) ဦးဘငွေး [၉/မနမ(နိုင်)၀၆၆၇၁၆] သည် နာမည်နှစ်မျိုးနှင့် လူတစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီဘငွေး (ခ) ဝါဝါဇော် [၉/မနမ(နိုင်)၀၆၆၇၁၆]**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – UE (2)4၊ မြေကွက်အမှတ် –၁၀၄၉၊ အကျယ် (၄၀' x ၆၀') အနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ခြေရင်းဘက်ခြမ်း (ပါမစ်မူရင်းခြမ်း)၊ (မြေကွက်အမှတ် – ၁၀၄၈ နှင့် ကပ်လျက်အခြမ်း) အကျယ် (၂၀ x ၆၀)ပေ၊ မြေအမျိုးအစား – ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၀၄၉)၊ ယောမင်းကြီး (၄) လမ်း၊ ၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးလေးမောင် (ALN – ၀၆၆၄၅၉) [၁၂/လမန(နိုင်)၀၉၄၀၆၁] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၂၉-၁၁-၂၀၀၂)ရက်စွဲပါ "အိမ်နှင့်မြေအပြီးအပိုင်အရောင်းအဝယ်နှစ်ဦးသဘောတူကတိစာချုပ်" အရ ဦးမြင့်ရွှေ [၁၄/ကလန(နိုင်)၀၀၃၄၇၀] နှင့် ဒေါ်မာမာအေး [၁၄/ကလန(နိုင်)၀၀၃၄၇၁]တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖခင်ဦးမြင့်ရွှေနှင့် မိခင်ဒေါ်မာမာအေးတို့ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားများဖြစ်သည့် ဦးသီဟအောင် [၁၂/မရက(နိုင်)၁၄၀၁၁၀] နှင့် ဦးကျော်ဇေဝိုင်း [၁၂/မရက(နိုင်)၁၄၀၁၅၃]တို့က မိမိတို့ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ် (၃၇၇-ခ)၊ ရွှေတဆုပ်လမ်း၊ ၂၀ ပေ x ၆၀ ပေ အကျယ်အဝန်းရှိ ဒေါ်ကျင်စိန်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်အိမ် (၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သူဇာ [၁၂/ဒဂတ(နိုင်)၀၅၄၁၇၄] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင် [၇/ပခန(နိုင်)၂၈၀၆၈၅]၊ ဒေါ်ဥမ္မာဦး (E/DGNMTT-၀၀၀၀၈၈) တို့က စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း** | **ဦးသိန်းနိုင်** | **ဒေါ်ချိုချိုခိုင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၈၂)** | **(စဉ်-၁၄၀၅၃)** | **(စဉ်-၁၀၇၁၅)** |

**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အင်းလေးလမ်း၊ အမှတ်-၁၇၃၈ (က)၊ ပေ၂၀x ၆၀ပေ၊ အိမ်ခြံမြေ ဒေါ်ကျင်ရီ အမည်ပေါက်ပါမစ်မူရင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ထွန်း[၁၂/လသယ(နိုင်)၀၀၀၉၁၀] ကိုင်ဆောင်သူမှ အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မေသန်း [၁၂/မရက(နိုင်) ၁၃၀၈၆၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနေခြစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၆၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၅၇၀၀၉၂၄**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)တိုးချဲ့ရပ်ကွက်၊ သဉ္ဇာလမ်း၊ မြေကွက်အမှတ် (၇၄၀/က)ဦးထွန်းရီ (ISN-၃၂၅၅၃၈)အမည်ပေါက် ပါမစ်မြေကွက်၊ (၂၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူထားသော ဦးရှိုင်းဝေယံထက် [၈/ရနခ(နိုင်)၁၀၃၉၃၈]က ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အပေါ် ဦးချစ်ရွှေ [၉/မရတ(နိုင်)၁၀၄၂၃၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းငွေး (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ ၊ (စဉ်-၂၂၅၆/၂၂-၇-၁၉၈၂)**
**အမှတ်(၂၂၀/ခ)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉-၇၉၉၉၂၉၂၆၃၊ ၀၉-၉၆၀၁၇၁၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ တာမွေမြို့နယ် ၊ ကျောက်မြောင်းကြီးရပ်ကွက် ၊ အောင်ဘာလေလမ်း ၊ အမှတ်(၁၄) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၇)ထပ်တိုက်၏ (၄)လွှာ (ခေါင်းရင်းခန်း) (ယာဘက်)၊ အကျယ်အဝန်း (၁၄ပေx၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ငွေး [၉/မနတ(နိုင်)၀၇၈၀၇၅] ထံမှ ဒေါ်ရီရီထွေး [၁၂/ဥကတ(နိုင်)၀၃၁၄၇၂] မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မှန်ကန်သောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရီရီထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနိုင်ဝင်း (LL.B. , D.B.L. , D.I.L. )**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၇၈၉/၂၀)**
**ရုံးအမှတ် – ၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၈၈၄၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ လူနေရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၁၆၉၉)ဟု ခေါ်တွင်သော ဧရိယာ (၄၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်သန်းသန်းမေ (SGN-၀၁၅၅၅၀) အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးမှ တရားဝင်ခွဲစိတ်ရခြင်း မရှိသေးသည့် ဧရိယာ (၂၀ပေx ၆၀ပေ)အကျယ်ရှိ (လမ်းဘက်မှ မျက်နှာမူဘယ်ဘက်ခြမ်း၊ မြေကွက်အမှတ်-၁၇၀၀နှင့် ကပ်လျက်ဆက်စပ်တည်ရှိသော) မြေကွက်ကို ပိုင်ဆိုင်လက်ဝယ်ရှိသူဟု အဆိုရှိသူ ဒေါ်နန်းအေးခေါင် [၁၃/လရန(နိုင်)၀၂၇၉၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည့်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စည်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၇၀၆)**
**အမှတ် – ၅၆၅၊ ပထမထပ် ၁၀၃/F, MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၇၉၅၂၇၇၀၃၂**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မဟာဝိဇ္ဇာ ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ မဟာဝိဇ္ဇာပထမနှစ်သင်တန်းများ ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ မဟာဝိဇ္ဇာ ပထမနှစ်သင်တန်းများကို အောက်ဖော်ပြပါအစီအစဉ် အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်သည်-

(က) **ပေးအပ်မည့်ဘွဲ့** - မဟာဝိဇ္ဇာဘွဲ့(ဂီတ/သဘင်/ ပန်းချီ/ ပန်းပု/ရုပ်ရှင်နှင့် ပြဇာတ်)

( ခ ) **သင်တန်းကာလ** - (၂)နှစ်

( ဂ ) **ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်**

(၁) ဂီတ/သဘင်/ပန်းချီ/ပန်းပု/ရုပ်ရှင်နှင့်ပြဇာတ် အထူးပြု ဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ များ၌ မဟာဝိဇ္ဇာသင်တန်းတက်ရောက်ရန် အဆင့်မီသူ၊

(၂) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတက်ရောက် နေသူမဖြစ်စေရ၊

(၃) သတ်မှတ်ထားသောသင်ရိုးညွှန်းတမ်းအတိုင်း အချိန် ပြည့်မီစွာတက်ရောက်နိုင်သူ၊

(၄) ဝန်ထမ်းဖြစ်ပါက သင်တန်းကို အချိန်ပြည့်တက်ရောက် ခွင့်ပြုကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပူးတွဲတင်ပြရမည်။

(ဃ) **လျှောက်လွှာပုံစံရယူခြင်းနှင့်တင်သွင်းခြင်း**

သင်တန်းရေးရာဌာန၌ လျှောက်လွှာပုံစံများကို ၈-၇-၂၀၂၄ ရက်နေ့မှစတင်ရယူ လျှောက်ထားနိုင်ပြီး ၁၂- ၁၁-၂၀၂၄ ရက်နေ့ နောက်ဆုံးထားလျှောက်ထားရမည်။

( င ) **သင်တန်းဝင်ခွင့်စစ်ဆေးခြင်း**

(၁) ၁၈-၁၁-၂၀၂၄ နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ အင်္ဂလိပ်စာရေးဖြေစာမေးပွဲ
မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၆:၀၀ နာရီထိ သက်ဆိုင်ရာအနုပညာဘာသာရပ် ရေးဖြေစာမေးပွဲ

(၂) ၁၉-၁၁-၂၀၂၄ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီထိ သက်ဆိုင်ရာအနုပညာဘာသာရပ် လူတွေ့နှင့်လက်တွေ့စစ်ဆေးခြင်း

(စ) သင်တန်းဝင်ခွင့်အောင်စာရင်းအား ၂၁-၁၁-၂၀၂၄ ရက်နေ့ တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) စွယ်တော်ဆောင်ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာသွားမည်ဖြစ်ပါသည်။

(ဆ) **သင်တန်းဖွင့်လှစ်ခြင်း**- ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထ ပတ်၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၃။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်း ရေးရာဌာန၊ ဌာနမှူး(သင်တန်းရေးရာ) ဖုန်း- ၀၉-၄၂၁၀၁၂၈၀၈ နှင့် မော်ကွန်းထိန်း- ၀၉-၇၈၈၁၈၉၁၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၄၆)၊ မြေကွက်အမှတ် (၁၃၁၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးချစ်ဖေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် မိမိဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားသည့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆယ်သိန်း [၆/လလန(နိုင်)၀၃၈၁၄၆]မှ ရောင်းချလို ကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်သတ်ရက်ကျော် လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပန်းဖြူသဲ (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၉၈)**
**အမှတ်(၁၇)၊ ၁၂၆-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉-၂၆၁၅၁၇၆၈၉**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငွေဖြိုးပိုင်(ခ)ဝေဖြိုး (ဘ) ဦးမျိုးတင့် [၁၂/ဥကတ(နိုင်)၂၁၁၃၉၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် အိမ်အလှမွေးတိရစ္ဆာန်နှင့် ဆက်စပ်ပစ္စည်း ရောင်းဝယ်ရေးအပြင် အခြားသောစီးပွားရေး၊ လူမှုရေးကိစ္စများအား Wai Phyo FaceBook Account နှင့် Exotic Zoo By Wp Page တို့မှ (၂-၂-၂၀၂၃) ရက်နေ့အထိ အသုံးပြုခဲ့ပြီး ယင်းနောက်ပိုင်း သုံးစွဲခြင်းမရှိတော့ပါ။ ထို့ကြောင့် (၂-၂-၂၀၂၃)ရက်နေ့နောက်မှစ၍ ယင်း Wai Phyo FaceBook Account နှင့် Exotic Zoo By Wp Page တို့ သုံးစွဲပြီးပြုလုပ်သည့်ကိစ္စရပ်အားလုံး သည် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်းနှင့် ဖြစ်ပျက်သည့် ကိစ္စရပ်အားလုံးကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်သိင်္ဂီဝင်း LL.B, D.B.L,**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၄/၂၀၁၈)**
**အမှတ် (၁၉၃)၊ ခရေရိပ်သာလမ်း၊ ဇေကမ္ဘာဝင်း၊**
**မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၅၃၁၅၂၁၅၊ ၀၉-၇၉၅၈၇၈၇၀၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တောင်ကျောင်းကျေးရွာ အုပ်စု၊ တောင်ကျောင်း(န) ကျေးရွာနေ အဖ ဦးမောင်အေး၏သမီး ကျွန်မ မအေးလန်းဖြိုး [၈/တတက(နိုင်)၁၈၆၅၁၃]၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-484610)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၀၁၅၅၉၄၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ ဦးဖိုးထူး လမ်း၊ အမှတ်(၁၈) (ဒုတိယထပ်)** ဟုခေါ်တွင်သော ဧရိယာ (၁၅ပေခွဲx ၅၄ပေ) ရှိတိုက်ခန်းကို (၁၈-၆-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူလက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာရောင်းချသူ **ဒေါ်မြတ်စုထိုက် [၁၄/ပသန (နိုင်)၂၀၂၅၁၄]နှင့် ဦးကျော်ဇေလင်း [၈/စလန (နိုင်)၀၁၀၇၆၃]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားမူရင်း နှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်မြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၈)**
**ရုံး- အမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄**

## "ဒေါ်သဥ္ဇာလှိုင် [၁၂/ဥကတ(နိုင်) ၁၅၀၆၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးအောင်မျိုးသန့် (စဉ်- ၁၀၈၇၉ / ၁၄-၂-၁၉၈၅)သည် (၂၆-၅-၂၀၂၄)ရက်နေ့တွင် ကြေးမုံသတင်းစာ- စာမျက်နှာ (၂၆)၌ အများသိစေရန် ကြေညာခဲ့ခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ (၄-လွှာ)၊ အမှတ် (၁၁/က)နေ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်) ၀၀၆၇၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၅၊ လူနေရပ်ကွက်(၁၅)၊ မြင်သာ(၄)လမ်း၊ မြေကွက်အမှတ်-(၁၆၁/က)၊ မြေကွက်အလျား ၆၀ ပေx အနံ ၂၀ ပေ၊ ဧရိယာ- ၁၂၀၀ စတုရန်းပေအကျယ် ဒေါ်အေးသီ [၁၂/ဥကတ(နိုင်) ၀၂၀၆၁၃]+ ဦးဌေးအောင် [၁၂/ဥကတ(နိုင်)၀၈၉၂၁၅]တို့မှ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် မြေကွက်ကြီးအနက်မှ ခေါင်းရင်းဘက်အခြမ်း၊ (အလျား ၆၀ ပေx အနံ ၁၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင် နှစ်ထပ်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်အရပ်ကတိစာချုပ်" အထွေထွေကိုယ်စားလှယ် လွှဲစာများလွှဲပြောင်းရယူ လက်ဝယ်ထားပိုင်ဆိုင်ထားရှိသူ၊ တစ်ဆင့်ပြန်လည် ရောင်းချခွင့်ရှိသူ၊ အခြားသူများထံ ထပ်မံရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်း၊ လှူဒါန်းထားခြင်း၊ အမွေဆိုင်အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းမော် [၁၂/သကတ(နိုင်)၁၅၂၁၃၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၀၀၆၇၂၁]သည် (၃-၁၀-၂၀၂၃) ရက်နေ့တွင် အသိသက်သေများအပါအဝင် လက်ရှိတာဝန်ထမ်းဆောင် နေသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ရှေ့မှောက်၌ "နှစ်ဦးသဘောတူ အိမ်အရောင်းအဝယ်ကတိစာချုပ်" ဟုဖော်ပြပြီး အရပ်ကတိစာချုပ်ချုပ် ဆိုကာ ခေတ်ကာလပေါက်ဈေးငွေဖြင့် အပြေအကျေပေးချေကာ အပြီးအပိုင် ဝယ်ယူခဲ့ပြီးနောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အပြီးအပိုင်ဝယ်ယူသူ ဦးဝင်းနိုင် ထံသို့ အပြီးအပိုင်ရောင်းချသူ ဒေါ်ဝင်းဝင်းမော်မှ ရောင်းချခဲ့သော နှစ်ထပ် ပျဉ်ထောင်အိမ်အပါအဝင် အိမ်နှင့်ပတ်သက်သော ဆက်စပ်စာချုပ်မူရင်းများ၊ အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ၊ အိမ်နှင့်ပတ်သက်သော စာရွက် စာတမ်းများအား လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးဝင်းနိုင် တစ်ဦးတည်းကသာလျှင် ဝယ်ယူခဲ့ပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ လက်ရောက်ရယူ လက်ရှိပိုင်ဆိုင်လက်ဝယ်ထားရှိသူ၊ စီမံခန့်ခွဲအသုံးချပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတည်းသာဖြစ်ပြီး မည်သူတစ်ဦး တစ်ယောက်ထံသို့ ထပ်မံ၍လွှဲပြောင်းရောင်းချခဲ့ခြင်း လုံးဝမရှိခဲ့ပါ။ ကျွန်ုပ်၏ မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိလက်ဝယ်ထား စီမံခန့်ခွဲအသုံးချ ပိုင်ဆိုင်လျက်ရှိသော အိမ်နှင့် ခြံမြေကို ဒေါ်သဥ္ဇာလှိုင် [၁၂/ဥကတ(နိုင်) ၁၅၀၆၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေ ဦးအောင်မျိုးသန့်သည် (၂၆-၅-၂၀၂၄)ရက်နေ့တွင် ကြေးမုံသတင်းစာ စာမျက်နှာ-၂၆ ၌ ဒေါ်သဥ္ဇာလှိုင် သည် (၅-၁-၂၀၂၄) ရက်နေ့၌ အိမ်နှင့်ခြံမြေပိုင်ဆိုင်မှုမရှိ၊ ရောင်းချပိုင်ခွင့် မရှိသူ ဒေါ်ဝင်းဝင်းမော်ထံမှ ဒေါ်အေးသီ+ ဦးဌေးအောင် နှစ်(၆၀)မြေငှား ဂရန် အမည်ပေါက် မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၆၀/ခ)နှင့် ကပ်လျက်ခြမ်း (၁၀ပေx ၆၀ပေ)ရှိ အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဌေးအောင် ပိုင်ဆိုင်သည့် မြေကွက်အစုနှင့် နေအိမ်အား ဝယ်ယူပြီး လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဥပဒေမဲ့ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာထားချက်သည် ဒေါ်သဥ္ဇာလှိုင် တစ်ဦးတည်း၏ ပုဂ္ဂိုလ်ရေးသဘော ဆန္ဒဖြင့် တစ်ဖက်သတ်ကြေညာထားခြင်းသာဖြစ်ကြောင်း၊ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးတည်းကသာလျှင် အမှန်တကယ် အပြေအကျေပေးချေ ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိလက်ရှိပိုင်ဆိုင်စီမံခန့်ခွဲ အသုံးချပိုင်ဆိုင်ခွင့် ရှိသော အိမ်နှင့်ခြံမြေထဲသို့ ကျွန်ုပ်၏မိတ်ဆွေသဘောတူခွင့်ပြုချက်မရရှိဘဲ ဒေါ်သဥ္ဇာလှိုင် အပါအဝင် အခြားမည်သူမဆို ကျူးကျော်ဝင်ရောက် နှောင့်ယှက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချ ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် ဥပဒေမဲ့မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ် ခဲ့ပါလျှင် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး (LL.B, B.C.Sc)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၁၈)**
**အမှတ် (၄၇၁/က)၊ ဇေယျာ(၁၅)လမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၄၀၇၄၇၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အ.မ.က(၄၉) ကျောင်းလမ်း၊ မြေကွက်အမှတ် (၂၃-A)၊ အိမ်အမှတ် (၂၉)၊ မြေအမျိုးအစား- မြေပိုင်မြေ၊ မြေကွက်အတွင်းမှ (အလျား ၁၉ပေx အနံ ၆၉ပေ)၊ အလျား (၁၃ပေx အနံ ၂၉ပေ)ရှိသော မြေကွက် အပါအဝင် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစောမြတ်ဘုန်းခိုင် [၁၂/အစန(နိုင်) ၁၈၁၉၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေဝင်း [၁၂/လမန(နိုင်) ၀၆၀၇၉၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**
**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ် (၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ ညောင်ပင်ကွင်း အ.ထ.က (Grade-11)တွင် ပညာ သင်ကြားနေသည့် မပောမာန်စိုး၏ ဖခင်အမည်မှန်မှာဦးနေမျိုးအောင် [၁၂/ခရန (နိုင်) ၁၃၃၅၄၃] အမှန် ဖြစ်ပါကြောင်း။

**ဦးနေမျိုးအောင်**
**[၁၂/ခရန(နိုင်) ၁၃၃၅၄၃]**

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ မောင်းမ အ.ထ.က (Grade-8)တွင် ပညာသင်ကြားနေ သည့် မခိုင်သဇင်ဖြိုး၏ ဖခင်အမည် မှန်မှာ ဦးထွန်းထွန်းမင်း [၁၂/ သလန(နိုင်)၁၁၀၂၅၅] အမှန်ဖြစ် ပါကြောင်း။

**ဦးထွန်းထွန်းမင်း**
**[၁၂/သလန(နိုင်) ၁၁၀၂၅၅]**

## သွေးသည် အသက်

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အောင်ချမ်းသာတိုးချဲ့ အေးသာယာရပ်ကွက်၊ ဗဟို(၂၈)လမ်း၊ အမှတ် (၁၃၈)ဟုခေါ်တွင်သော (အလျား ၄၀' x အနံ ၆၀')ရှိ ဒေါ်တင်တင်ဝင်း အမည်ပေါက်စလစ်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးမင်းထက်အောင် (၁၂/ဒဂမ (နိုင်) ၀၃၀၈၆၀) နှင့် ဒေါ်အေးအေးမြတ် (၁၂/လမန (နိုင်) ၀၀၂၂၉၈)တို့၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် -

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေများမှ ဦးဇော် (၇/ပခန (နိုင်) ၂၆၁၄၀၈)ထံမှ (၁၀-၄-၂၀၂၀)ရက်စွဲဖြင့် "စလစ်မြေကွက်နှင့်အိမ်(၂)လုံး အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုကာ အပြီးအပိုင်ဝယ်ယူ၍ လက်ရှိထားနေထိုင်လျက်ရှိနေပါကြောင်းနှင့် အဆိုပါမြေနှင့်အိမ်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမင်းထက်အောင်နှင့် ဒေါ်အေးအေးမြတ် တို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ပါရှိခြင်း၊ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်းများ မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ ပြုလုပ်မည်ဆိုပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးကျော်မာန် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၈ရ၆/၂၀၁၁)
**အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (B-3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
Ph: 09 - 5059840

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊သီဟသူ(၁၃)လမ်း၊တိုက်အမှတ်(၅၁၇/က)၊ ပေါ်တွင်ဆောက်လုပ်ထားသည့် ၁ခန်းတွဲ ၆ထပ်တိုက် အဆောက်အဦး၏ ပထမထပ်၊ အကျယ် အဝန်း(၁၈ပေ×၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအားမြေပိုင်ရှင်အဖြစ်ပိုင်ဆိုင် ၍ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဉာဏ်ဦး(၁၂/သဃက(နိုင်)၀၀၉၇၅၂) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများ ရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၈ဒီ)၊မြေကွက်အမှတ်(၁၁၆၅)၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးမှတ်ကြီး အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ (၂၅ပေ×၆၀ပေ)ရှိ ခေါင်းရင်း(ပါမစ်မူရင်းခြမ်း)၊မြေကွက်အကျိုးခံစားခွင့်များအား အရောင်းအဝယ် စာချုပ်များအရဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုမြတ်လင်း(၁၁/သတန(နိုင်)၀၇၂၈၄၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှ စ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၉-လမ်း၊ အမှတ် (၁၀-ဘီ)နေ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးညီညီနိုင် [၁၂/မဂတ(နိုင်)၁၀၀၇၅၃]က သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ အမှတ် (၆)နေ ဦးလှထွန်း [၁၂/သလန(နိုင်)၀၁၄၁၅၅] ပိုင်ဆိုင်သော သန်လျင်မြို့နယ်၊ ညောင်သုံးပင် ကျေးရွာ၊ ကွင်းအမှတ်- ၆၈၃-က၊ မဇီးဖြူမြောက်ကွင်း၊ ဦးပိုင်အမှတ်- N/၅၊ အုတ်ဖိုစု လမ်းမကြီး၊ အမှတ် (၈၈)ဟူသည့် အရှေ့လားသော်-ဦးလှထွန်းခြံ၊ အနောက်လားသော် အုတ်ဖိုစုလမ်းမကြီး၊ တောင်လားသော်- ဘူတာလမ်း၊ မြောက်လားသော်-ဦးပန်းမောင်ခြံ အတွင်းရှိ ၆၃ပေ/၄၇ပေx ၁၅၃ ပေကျယ်ဝန်းသော မြေကွက်ကို အသိသက်သေ ဦးအောင်သန်း [၁၂/သလန(နိုင်) ၀၁၄၅၂၈]နှင့် ဦးဖြိုးဝေလတ် [၁၂/သလန(ပြု) ၀၀၀၀၈၅] တို့၏ရှေ့မှောက် တွင် အပြီးအပိုင်ဝယ်ယူပြီးနောက် လက်ရောက်ရယူထားပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အဆိုပါမြေကွက်ကို ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးတင်ထွန်း** | **ဒေါ်တင်အေး (မစု)** | **ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်)** |
| **B.A.(Law),LL.B** | **B.A.(Law), LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၃၀၉)(၆-၁-၁၉၈၂)** | **(စဉ်-၇၄၈၁)(၁၅-၅-၂၀၀၇)** | **(စဉ်-၈၉၂၀)(၂၁-၃-၂၀၁၃)** |

**အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၅၁၄၄၀၆၇၊ ၀၉-၅၁၄၃၆၄၄**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမကြီး

## ဒေါ်သန်းလှ (မုဒုံ/တံခွန်တိုင်)

## အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အမှတ်(၃၂)၊ ဗိုလ်မှူးအောင်လမ်းနေ(ဦးဘိုးချို-ဒေါ်အေးရှင်)တို့၏သမီး၊ ဦးညွန့်ဝေ၏ ချစ်လှစွာသောဇနီး၊ ဦးကိုကိုနိုင်-ဒေါ်သင်းသင်းကြည်၊ ဦးကိုကိုအောင်-ဒေါက်တာသီသီစိုး၊ ဦးကိုကိုဇော်-(ဒေါ်ခင်နှင်းအိ)၊ ဦးကိုကိုဇင်-ဒေါ်အေးအေးခိုင်တို့၏ မိခင်၊ မြေး ကိုးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွား(ဒေါ်သန်းလှ)သည် ၂၆-၇-၂၀၂၄ရက် နံနက် ၅:၄၅နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကျန်ရှိသော ရုပ်ကလာပ်အား ၂၈-၇-၂၀၂၄ ( တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂: ၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၄ ရက်တွင် ရက်လည်ဆွမ်းကပ် လှူဒါန်းမည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမော်ခင်

## အသက်(၅၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးကြည်-ဒေါ်ခင်သန်း)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးမြင့်ဟန်)-ဒေါ်တင်လှတို့၏သားသမက်၊ ဒေါ်စိန်စိန်ရီ၏ ခင်ပွန်း၊ မဝတီမိုးသက်နှင်း၏ဖခင် ဦးမော်ခင် အသက် (၅၇)နှစ်သည် ၂၃-၇-၂၀၂၄(အင်္ဂါနေ့) ညနေ ၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၄ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနိုင်လင်းကို(ခ)ကုလား

## အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၆)နေ ဦးကိုကို(မြန်မာ့မီးရထား-ငြိမ်း၊ မြန်မာနိုင်ငံကြက်တောင်ဒိုင်အဖွဲ့ချုပ်)-ဒေါ်ကြည်ကြည်စိုး (ငွေစုငွေချေးဌာန၊ မြန်မာ့မီးရထား-ငြိမ်း)တို့၏ သားလတ်၊ ဦးလေးငါးယောက်၊ ဒေါ်လေး ကိုးယောက်တို့၏တူ၊ ဒေါက်တာစိုးလင်းကို-ဒေါက်တာမြသဲဖြူသန့်တို့၏ ညီ၊ ဒေါ်မေနှင်းကို (Best 149 International Limited)၏ အစ်ကို၊ မဖြူစင်ဦး၏ ဦးလေး ဦးနိုင်လင်းကိုသည် ၂၆-၇-၂၀၂၄ (သောကြာနေ့) နံနက်၂:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ညှိုးငယ် သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သက်ဆိုင်သူများကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း၃၊ ငမိုးရိပ်ရပ်ကွက်ရှိ တိုက်အမှတ်(၈၃၂)ဒု-ထပ်၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၃'x၅၀')အား လက်ရှိပိုင်ရှင် ဦးမျိုးမင်းစိုး [၉/ဝတန(နိုင်)၁၀၆၀၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသီရိဗို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၃၀)**
**ဖုန်း-၀၉-၅၀၄၈၈၆၀၊ ၀၉-၄၂၁၀၃၄၇၇၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅)၊ လူနေရပ်ကွက်အမှတ်-(ည/၁၁)၊ ရဲရန်နိုင်လမ်းသွယ်၊ အမှတ်(၃၉၆/က)၊ အကျယ်ပေ(၂၀x၆၀)၊ ဧရိယာ-(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ ဦးညီညီလွင် အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ် ထွက်ရှိထားသည့်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးအစုံပါ (၁)ထပ်အိမ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိအိမ်မြေအား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဟန်စိန် [၉/မကန(နိုင်)၀၄၇၁၆၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစိုးထက် [၉/ဝတန(နိုင်)၁၃၆၀၈၈]နှင့် ဒေါ်ရွှေရည်ဝင်း [၁၄/ကပန(နိုင်)၁၃၈၁၄၃]တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့်ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိုးထက်[၉/ဝတန(နိုင်)၁၃၆၀၈၈]** | **ဒေါ်အေးသန္တာစိုး(LL.B)** |
| **ဒေါ်ရွှေရည်ဝင်း[၁၄/ကပန(နိုင်)၁၃၈၁၄၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)** |
| | **အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊** |
| | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၂၀၄၆၅၄** |

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမြသွင် (အငြိမ်းစား)

**အပတ်စဉ် OTS-29**

## အသက်(၉၂)နှစ်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အိမ်အမှတ်(၁၀)၊ ရွှေပြည်အေးလမ်းနေ ဒေါ်ညွန့်ညွန့်တင် (နေခြည်နွေးဆွယ်တာနှင့်အထည်လုပ်ငန်း)၏ ခင်ပွန်း၊ ဦးရဲတိုးသွင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)-ဒေါ်ခင်ခင်မူတို့၏ဖခင် ဗိုလ်မှူးမြသွင်(အငြိမ်းစား) အသက်(၉၂)နှစ်သည် ၂၅-၇-၂၀၂၄ ရက်နေ့ ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## ဦးစိုးပိုင်

**လက်ထောက်အထွေထွေမန်နေဂျာကုန်သွယ်ရေး (၁၀/ငြိမ်း)**
**အုပ်ချုပ်မှုဒါရိုက်တာမြန်မာမျက်မှန်ကုမ္ပဏီလီမိတက်**

## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ (၃)လမ်း၊ အမှတ် (၅၆၂)၊ ပထမထပ်နေ (ဦးသိန်း-ဒေါ်လှခင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ကြူ)၏ ခင်ပွန်း၊ ဦးသန်းထွန်း-ဒေါ်ခင်လေးပိုင်၊ ဦးဇော်ဝင်းပိုင်-ဒေါ်ထားထားစု၊ ဦးရဲလင်းအောင်-ဒေါ်ပိုင်အိအိခင်၊ မောင်နေထက်အောင်တို့၏ ဖခင်ကြီး၊ မရွှေရည်ဝင်း၊ မောင်ဇေယျာမင်း၊ မောင်နေပိုင်လင်းတို့၏ အဘိုး ဦးစိုးပိုင်သည် ၂၆-၇-၂၀၂၄ရက် နံနက် ၉:၂၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူးပြီး ၁-၈ - ၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (၁၁)ရပ်ကွက်၊ သီဟသူ (၃)လမ်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် (က/၄၅)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၅၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစိန်မြင့် [၁၂/ဒပန(နိုင်)၀၂၅၃၀၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးစိန်မြင့် [၁၂/ဒပန(နိုင်)၀၂၅၃၀၅]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံး ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြင့်မြင့်ခိုင် [၁၂/တတန(နိုင်)၁၃၆၉၆၉] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၃) ရပ်ကွက်၊ မင်းတန်းလမ်း၊ အမှတ်(၄၅)နေ ဦးယဉ်မင်းထွန်း[၁၂/ဒလန(နိုင်)၀၀၁၂၅၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မြင့်မြင့်ခိုင် နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးယဉ်မင်းထွန်းသည် ဒေါ်မြင့်မြင့်ခိုင်နှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး သား(၂) ဦးထွန်းကားခဲ့ပါသည်။ (၈-၇-၂၀၂၄)ရက်နေ့တွင် ဦးယဉ်မင်းထွန်း နေအိမ်တွင်မရှိချိန်၌ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်သည် အသိပေးခြင်း တစ်စုံတစ်ရာမရှိဘဲ သား(၂)ဦးအား နေအိမ်၌ထားခဲ့ပြီး မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ဒေါ်မြင့်မြင့်ခိုင်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးယဉ်မင်းထွန်းနှင့် သား(၂)ဦးအား ဆက်သွယ်ပြန်လာခြင်းမရှိသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ဦးယဉ်မင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ဒေါ်မြင့်မြင့်ခိုင်နှင့် ပြုလုပ်ထားသော ကိစ္စအဝဝအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးယဉ်မင်းထွန်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ ၎င်းနှင့်သာဖြေရှင်းဆောင်ရွက်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**ရုံး-အခန်း(၂၇)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆**




## ဦးခင်ဆွေ

## ဗိုလ်တထောင် ဂေါပကအဖွဲ့ဝင်(ငြိမ်း)၊ စာရေးဆရာ ရွှေစွန်ညို

## အသက်(၈၅)နှစ်

ခရမ်းမြို့နေ(ဦးကျော်-ဒေါ်သန်း)တို့၏ သား၊ (ဦးစံမြ-ဒေါ်ငွေခင်)တို့၏ သားသမက်၊ ဒေါ်နုယဉ်(ကျောင်းအုပ်ဆရာမကြီး -ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးထွန်းတင်)-ဒေါ်ခင်ကြည်တို့၏ မောင်၊ (ဒေါ်တင်တင်ဦး)၊ ဦးသောင်းရွှေ-ဒေါ်အေးကြည်၊ ဦးတင်အောင်-ဒေါ်သန်းအေး၊ (ဒေါ်ယဉ်ယဉ်လှ)၊ (ဒေါ်ထားထားရီ)၊ ဦးမြင့်မောင်-ဒေါ်မဥ္ဇူရွှေတို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဦးသောင်းဒန်-ဒေါ်ခင်မာလာမြင့်၊ ဦးမျိုးအောင်၊ ဦးသန်းထိုက် - ဒေါ်သီတာဆွေ၊ ဦးအောင်နန္ဒကျော်စွာ-ဒေါ်ဝင်းပပ (SECURE Logistics & Supply Chain Co., Ltd)တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုး ဦးခင်ဆွေသည် ၂၆-၇-၂၀၂၄ ရက်နေ့ နံနက် ၁:၅၆ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆-၇-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဗိုလ်တထောင်မြို့နယ် Complex 45 အိမ်ရာ၊ Tower B၊ အခန်း(705)၊ ၄၅ လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဘယသကြိန်လမ်း၊ မြေကွက်အမှတ် (၆၉၅/က)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးဘုန်းမြင့်ဇော် [၁၄/ဇလန(နိုင်)၀၉၆၅၅၁]**အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှမိမိတစ်ဦးတည်းသာ လျှင်တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၄၉၈)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## "ကန့်ကွက်နိုင်ပါကြောင်း "

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န/၂၆)ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၂၂)၊ ဦးအောင်ကိုလင်းအမည်ပေါက် မြေချပါမစ်(မူရင်း)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိမြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျား (၂၀)ပေxအနံ(၆၀)ပေ(ခေါင်းရင်းဘက်ခြမ်း)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝင်းမြမြငြိမ်း[၉/ကပတ(နိုင်)၁၀၅၉၉၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြူဖြူအောင်[၇/ပတဆ(နိုင်)၀၇၅၈၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LL.B,D.B.L)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၄၁၁၃၇**




**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရက ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားဖြင့်ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်...

❖ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းတိုးတက်မှုများအပေါ် ရုရှားနိုင်ငံသတင်းမီဒီယာများမှ ပိုမိုဖော်ပြပေးလိုမှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းနှင့် သံအမတ်ကြီး၏

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား လက်ခံတွေ့ဆုံစဉ်။

## ယနေ့ ဖတ်စရာ


ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

စာမျက်နှာ » ၁၂

အပူချိန်မြင့်တက်မှုကို ကာကွယ်နိုင်ရေး ကာဗွန်ထုတ်လွှတ်မှုများကို သိသိသာသာ လျှော့ချပစ်ရန် လိုအပ်ဟု အန်တိုနီယို ဂူတာရက်စ် ပြောကြား

စာမျက်နှာ » ၁၃

နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME အားပေးစို့

ဆောင်းပါး စာမျက်နှာ » ၁၉


## MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် ဒဂုံစတားယူနိုက်တက် အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို ဇူလိုင် ၂၆ ရက်ကကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက် အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရာသီအစ သုံးပွဲတွင် ရှုံးပွဲမရှိဘဲ ခုနစ်မှတ်ရရှိပြီး ဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် အသင်းနှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဟံသာဝတီအသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂



ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။